# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၃၀၃)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံပွဲတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများအား စစ်ဆေး၊ တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

### မိမိတို့အနေဖြင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ စီးပွားရေးတို့တွင် တစ်ပြေးညီတည်ငြိမ်တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရမည်

နေပြည်တော် ဩဂုတ် ၂

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁*✻



**ယနေ့ ဖတ်စရာ**

**စာပေလေ့လာဖတ်ရှုမှု လူသားတိုင်းကို ကောင်းကျိုးပြု** ဆောင်းပါး စာ ၁၀

**နောင်ချိုမြို့၌ ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်** ပြည်တွင်းသတင်း စာ ၁၂

**အီသီယိုးပီးယားနိုင်ငံက တစ်ရက်အတွင်း သစ်ပင်ပျိုးပင်ပေါင်း ၇၁၄ ဒသမ ၇ သန်း စံချိန်တင်စိုက်ပျိုး** နိုင်ငံတကာသတင်း စာ ၁၄

# တာဝန်ကျေပွန်၊ စည်းကမ်းလိုက်နာ၊ ကျင့်ဝတ်စောင့်ထိန်း

နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၏ တရားမဝင်ကုန်ပစ္စည်း ဖမ်းဆီးရရှိမှုသည် လစဉ်တိုးတက်များပြားလာကြောင်း၊ ထိုသို့ ဖမ်းဆီးရရှိမှုတိုးလာခြင်းသည် တရားမဝင်ကုန်ပစ္စည်းများ လအလိုက် နိုင်ငံအတွင်းသို့ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်မှုများပြားနေခြင်းကို ဖော်ပြနေခြင်းဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ၏ ပြောကြားချက်တွင် တွေ့ရသည်။

နိုင်ငံတော်အကြီးအကဲက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ယခုထက်ပို၍ ထိထိမိမိဆောင်ရွက်ရန် မှာကြားထားခြင်းဖြစ်ရာ တစ်ဖက်တွင် ဖမ်းဆီးမှုတိုးလာသည်နှင့်အမျှ တရားမဝင်ကုန်သွယ်မှုမှာ လျော့ကျမသွားဘဲ တိုးလာနေခြင်း၏ အကြောင်းရင်းကို ဆန်းစစ်ကြည့်ရန်လိုအပ်နေသည်။ တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အခွန်ဘဏ္ဍာရရှိရေး၊ MSME လုပ်ငန်းများထူထောင်ရေး၊ လုံခြုံရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး စသည်ဖြင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် အရေးကိစ္စများစွာတို့ကို ကြီးကြီးမားမား ဆိုးကျိုးသက်ရောက်မှုဖြစ်ပေါ်စေရာ နိုင်ငံအတွက် အန္တရာယ်ကြီးမားသည်။ သို့ဖြစ်ရာ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့် အရေးယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများအပေါ် ပြန်လည်ဆန်းစစ်ရန် လိုအပ်နေခြင်းဖြစ်သည်။

ထို့အပြင် တရားမဝင်ကုန်သွယ်မှုနှင့် အဂတိလိုက်စားမှုတို့မှာ ဒင်္ဂါးပြားတစ်ချပ်၏ ခေါင်းနှင့်ပန်းသဖွယ် ကျောချင်းကပ်နေခြင်းဖြစ်ပြီး အဂတိလိုက်စားမှုမှာလည်း တရားမဝင်ကုန်သွယ်မှုနည်းတူပင် နိုင်ငံအတွက် အန္တရာယ်ကြီးသည်။ တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ တာဝန်ကျဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များမှာ ကုန်ပစ္စည်းများ၊ ငွေကြေးများနှင့် လာဘ်ပေးလာဘ်ယူမှုပြုရန် ဆွဲဆောင်မှု၊ ခြိမ်းခြောက်မှုများ စသည်တို့နှင့် အဆက်မပြတ် ကြုံတွေ့နေကြရခြင်းဖြစ်ရာ လောဘ၏ သွေးဆောင်ရာနောက်သို့ လိုက်ပါမသွားစေရန် စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲမှုပြုရန်လိုသည်။ တစ်ဦးချင်း တစ်ယောက်ချင်းစီက ကိုယ်ကျိုးရှာမှုများမှာ မကြာမီပေါ်ထွက်လာလေ့ရှိသော်လည်း အများညီ တစ်ဖွဲ့လုံး ကိုယ်ကျိုးရှာမှုများမှာမူ အချိန်ကြာမြင့်ပြီး အပုပ်နံ့ထွက်ပေါ်လာမှသာ သိရှိကြရခြင်းဖြစ်ရာ စနစ်တကျ မျက်ခြည်မပြတ် ကြပ်မတ်သွားရန်လိုအပ်သည်။

မြဝတီနယ်စပ်မှ တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ် ၁၄၄ စီး ဘားအံမြို့မှဖြတ်၍ ရန်ကုန်ဘက်သို့ ညအချိန် တရားမဝင်ဖြတ်သန်းသွားမှုအခြေအနေကို သတင်းပေးသူက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီသို့ ဇူလိုင်လအတွင်းက တိုက်ရိုက်သတင်းပေးခဲ့ရာ ချက်ချင်း သက်ဆိုင်ရာ အထူးအဖွဲ့များနှင့် OSS ဝန်ထမ်းများက ပိတ်ဆို့ဖမ်းဆီးမှုကြောင့် ၁၃၂ စီးကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြန်လည်ဖမ်းဆီးနိုင်ခဲ့သည်။ ယင်းဖြစ်စဉ်တွင် တာဝန်ကျဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့သည် တရားမဝင်တင်သွင်းလာသည့် ကုန်ပစ္စည်းများကို သိလျက်နှင့် ဖမ်းဆီးခြင်းမပြုခဲ့သလို မှန်မှန်ကန်ကန် စစ်ဆေးခြင်းလည်းမရှိခဲ့ဘဲ ကိုယ်ကျိုးရှာခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည့်အတွက် ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

တရားမဝင်ကုန်သွယ်မှုကို သတင်းပေးခြင်း၊ ဖမ်းဆီးခြင်းတို့တွင် ဖမ်းဆီးရမိမှုကုန်ပစ္စည်းတန်ဖိုးအပေါ်တွင် မူတည်၍ ဆုကြေးငွေများ သတ်မှတ်ခံစားခွင့်ပြုနေခြင်းဖြစ်ရာ မိမိ၏ လုပ်ငန်းတာဝန်အပေါ် သစ္စာရှိခြင်း၊ မိမိ၏ ဂုဏ်သိက္ခာအပေါ် တန်ဖိုးထားခြင်းဖြင့် ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လိုသည်။ တရားမဝင်ကုန်သွယ်နေကြသူများပေးသည်ကိုယူ၍ ၎င်းတို့၏ အသုံးချခံဘဝကို ရောက်ရှိနေခြင်းက ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိ၏ ဌာနအပေါ်၊ မိမိထမ်းဆောင်ရမည့် တာဝန်အပေါ် သစ္စာမဲ့ရာကျသည့်အပြင် မိမိဂုဏ်သိက္ခာကိုလည်း ကျဆင်းစေသည်သာမက မိမိတို့၏ လုပ်ရပ်များဖော်ထုတ်ခံရပြီး အရေးယူခံရသည့်အခါ ဆုံးရှုံးမှုကြီးမားသည့်အလျောက် တာဝန်ကျေပွန်သော၊ စည်းကမ်းလိုက်နာသော၊ ကျင့်ဝတ်စောင့်ထိန်းသော ဝန်ထမ်းများအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ကြရပါမည့်အကြောင်း။ ။

## ၂ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၈၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

## ကျိုင်းတုံ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီး တုံတာမြို့တွင်းလမ်းများ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာလျက်ရှိ

ကျိုင်းတုံ ဩဂုတ် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီး တုံတာမြို့တွင်း ကတ္တရာကွန်ကရစ် (AC) လမ်းသည် ဇူလိုင် ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်း၍ နမ့်စင်ချောင်းရေတိုက်စားမှုကြောင့် လမ်းပခုံးပွဲ့ကျမှုနှင့် လမ်းသားပွဲ့ကျမှုများ ဖြစ်ပေါ်ခဲ့ပြီး ယာဉ်ကြီး/ယာဉ်ငယ်များ အဆင်ပြေပြေ ချောမွေ့စွာသွားလာနိုင်ရေး လမ်းအထူးအဖွဲ့(၃)နှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိရာ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။ အောင်ဇင်မြင့်(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃ - ၈ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၀၀ | ၂၉၉၅ | ၂၉၆၀ | ၂၈၉၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၃၅ | ၂၉၅၀ | ၄၅၀၅ | ၃၂၄၅ | ၂၉၇၀ | ၂၉၇၀ | ၃၀၄၀ | ၃၀၀၅ | ၃၀၂၅ | ၃၂၈၅ |
| 95 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၅ | ၃၃၄၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၂၅ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |
| HSD (10 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၅ | ၂၈၀၃ |
| 95 Ron | ၂၇၆၉ | ၂၈၅၈ |
| HSD (500 ppm) | ၂၅၅၂ | ၂၆၃၃ |
| HSD (50 ppm) | ၃၁၇၉ | ၃၂၇၂ |
| HSD (10 ppm) | ၃၁၇၉ | ၃၂၇၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၀၄၅၊ ဖက်စ် ၀၆၇-၃၄၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများကို တိုင်းမှူးထံ ပေးအပ်စဉ်။

* *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိကြရာ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်က တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ အရာရှိ၊ စစ်သည်များ မိသားစုများ၏သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လိုအပ်သည်များလမ်းညွှန်မှာကြား**

ရှင်းလင်းတင်ပြမှုများပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားရန်၊ သစ်တောသယံဇာတများ တရားမဝင်ထုတ်ယူမှုမရှိစေရေး စနစ်တကျကြီးကြပ်ဆောင်ရွက်သွားရန်၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အေးချမ်းဖြိုးခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊တပ်နယ်မှအရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက်**

ထိုသို့တွေ့ဆုံအမှာစကား ပြောကြားရာတွင် တပ် / ဌာနချုပ်များအနေဖြင့် အချိန်အခါအလိုက် လုပ်သင့်လုပ်ထိုက်သည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်သားများသည် မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက်တာဝန် ထမ်းဆောင်ကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ တပ်မတော်မှပေးအပ်သည့်တာဝန်များကို စဉ်ဆက်မပြတ် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လွတ်လပ်ရေးရရှိပြီးချိန်၌ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ၏အချုပ်အခြာအာဏာ ထိခိုက်လာမှုအပေါ် တပ်မတော်မှ ကျားကုတ်ကျားခဲ ကြိုးပမ်းကာကွယ်ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိခါစက ပါလီမန်စနစ်ကိုကျင့်သုံးခဲ့ပြီးနောက် ဆိုရှယ်လစ်စနစ် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး စီးပွားရေးလုပ်ငန်းများတွင်လည်း ပုဂ္ဂလိကပိုင်းဆိုင်ရာများတွင် ကန့်သတ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများတွင်လည်း ညီညွတ်မှုများ ပျက်ပြားလာခဲ့ကြောင်း၊ ပြည်ပနိုင်ငံများက အားပေးကူညီလုပ်ဆောင်ခဲ့သည့် မှောင်ခိုစီးပွားရေးများကြောင့်လည်း ပြည်တွင်းစီးပွားရေးကို ထိခိုက်ကျဆင်းစေခဲ့ပြီး တိုင်းပြည်၏ သယံဇာတများကိုလည်း ***စာမျက်နှာ ၄ သို့***



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

ပြည်ပသို့ တရားမဝင်နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲမှုများ များပြားကြောင်း၊ အလားတူ ရာသီဥတုဖောက်ပြန်မှုများကြောင့်လည်း စားရေ ရိက္ခာများ ရှားပါးမှုပြဿနာများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်မှစတင်၍ နိုင်ငံအတွင်း အခက်အခဲအကျပ်အတည်းများဖြစ်ပေါ်လာခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း။

ထို့နောက် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းစေခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**စီးပွားရေးလုပ်ငန်းများ ပိုမိုအားပေးဆောင်ရွက်**

စီးပွားရေးနှင့်ပတ်သက်၍ ပြည်သူလူထုနှင့် တိုင်းပြည်ကိုအကျိုးပြုသည့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ရန်လိုကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများပြည်သူအတွက် အကျိုးရှိမည့် စီးပွားရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများ နည်းပါးစေရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အားလုံးတစ်ပြေးညီဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ၏ အနှစ်သာရကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့များအားလုံး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ရောက်ရှိစေရေး ၂၀၁၀ ပြည့်နှစ် ပထမဒီမိုကရေစီအစိုးရသက်တမ်းတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ သို့သော် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ပြင်ပမှ သွေးထိုးပေးမှုများကြောင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ခြင်းမရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**ပညာတတ်လူငယ်များဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်မှ နိုင်ငံတာဝန်ယူခဲ့သည့်အချိန်တွင် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်မှုများရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပညာရေးပိုင်းဆိုင်ရာအားနည်းချက်များရှိခြင်း၊ နိုင်ငံအတွင်း ပညာတတ်များ ပေါများကြွယ်ဝပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူများ၏ သွေးထိုးလှုံ့ဆော်ခြင်းများကြောင့် နိုင်ငံတော်၌ ပညာရေးအားနည်းမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း၊ ပညာရည်မြင့်မားရေးနှင့်ပတ်သက်၍ အတန်းပညာရှိမှုသာအတတ်ပညာများ ပိုမိုတတ်မြောက်လာမည်ဖြစ်ပြီး မိမိတို့ဘဝတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏သားသမီးများ ပညာတတ်လူငယ်များဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ကျောင်းသား၊ ကျောင်းသူများ သက်ဆိုင်ရာအတန်းအလိုက် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံအတွင်းပညာတတ်များ ပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုမြင့်မားသည့် ပညာတတ်လူငယ်များ ပိုမိုများပြားလာပါက နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဒီမိုကရေစီ ဒုတိယအစိုးရ NLD အစိုးရသက်တမ်းကာလတွင် တပ်မတော်ကို မုန်းတီးစေသည့် ရေးသားပြောဆိုမှုများ လှုံ့ဆော်မှုများကို တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်၍ လုပ်ဆောင်ခဲ့ကြောင်း၊ အလားတူ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကဏ္ဍအသီးသီးတွင် လုပ်ငန်းတာဝန်ဆောင်ရွက်မှုများအောင်မြင်အောင် ဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် နိုင်ငံတော်မှာ အဘက်ဘက်က ဆုတ်ယုတ်ခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများလုပ်ဆောင်ပြီး ၎င်းတို့ ပါတီ အာဏာရရှိရေး ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါမဲမသမာမှုအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် မိမိတို့အနေဖြင့် အကြိမ်ကြိမ်အသိပေးအကြောင်းကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှု မရှိသည့်အတွက် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို တာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

**နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်**

မိမိတို့အနေဖြင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ စီးပွားရေးတို့တွင် တစ်ပြေးညီ တည်ငြိမ်တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးများကိုလည်း တည်ငြိမ်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏သမိုင်းကြောင်းများကို သိရှိအောင်လေ့လာပြီး မှန်မှန်ကန်ကန်ဖြင့် သုံးသပ်ဆောင်ရွက်၍ နိုင်ငံကောင်းအောင်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် တပ်များဖြစ်အောင် ပီပီပြင်ပြင်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်ပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်မိသားစုများ၏ သက်သာချောင်ချိရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ တပ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါးများနှင့် ဥများကို ပြင်ပသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချနိုင်ခြင်းကြောင့် ဈေးကွက်တည်ငြိမ်မှုကို တတ်နိုင်သမျှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာတိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**မေးမြန်းပြီး အားပေးစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိစစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသူများအား ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။

- ❖ **မိမိတို့အနေဖြင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ စီးပွားရေးတို့တွင် တစ်ပြေးညီ တည်ငြိမ်တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရမည်**
- ❖ **အလားတူ အိမ်နီးချင်းနိုင်ငံများ ဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးများကိုလည်း တည်ငြိမ်ကောင်းမွန်အောင်ဆောင်ရွက်သွားရမည်**
- ❖ **တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများကို သိရှိအောင်လေ့လာပြီး မှန်မှန်ကန်ကန်ဖြင့် သုံးသပ်ဆောင်ရွက်၍ နိုင်ငံကောင်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလို**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ဖော်ထုတ်ထိန်းသိမ်းရေး ဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

# တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ဖော်ထုတ်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်-ရန်ကုန် လူစီးအမြန်ရထားဖြင့် ပြည်သူများနှင့်အတူ လိုက်ပါစီးနင်း

နေပြည်တော် ဩဂုတ် ၂

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း နေပြည်တော်မှ တောင်ငူမြို့သို့ထွက်ခွာခဲ့ကြပြီး လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လူနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းလျက်ရှိမှု**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့သို့ရောက်ရှိကြပြီး တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာ၊ အနောက်ဘက်မြို့ရိုးနေရာရှိ မြို့ရိုးတူးဖော်ထိန်းသိမ်းထားရှိမှုနှင့် ရေကျုံးနေရာနှင့် မြို့ရိုးအပြင်ပတ်လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မင်းကြီးညို (အေဒီ ၁၄၈၅ - ၁၅၃၁) တည်ထောင်ခဲ့သည့် တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ရှေးဟောင်းမြို့ရိုးနှင့် ကျုံးတူးဖော်သုတေသနပြုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ဟောင်းအဝင် တံတားနေရာများနှင့် တံတားပုံစံများကိုလည်း ပြန်လည်ဆန်းစစ်ဖော်ထုတ်လေ့လာသွားရန်လိုပြီး တည်ဆောက်၍ရနိုင်သည့်နေရာများတွင် တည်ဆောက်သွားရန်လိုကြောင်း၊ ပြောင်းရွှေ့ရန်လိုအပ်သည့် ဝန်ကြီးဌာနအဆောက်အအုံများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**တောင်ငူမြို့ရှောင် ရထားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်ငူဘူတာသို့ရောက်ရှိကြရာ ဘူတာရုံရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက တောင်ငူမြို့ရှောင်ရထားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရထားလမ်းအကြောင်းနှင့် ရထားလမ်းဆိုင်ရာအချက်အလက်များ၊ တောင်ငူဘူတာရုံအသစ် တည်ဆောက်ရန် လျာထားဆောင်ရွက်ထားရှိမှု၊ ရထားလမ်းနှင့် ဘူတာအဝင်ကားလမ်းနယ်နိမိတ်သတ်မှတ်မှု၊ ဖို့မြေလုပ်ငန်းဆောင်ရွက်သွားမည့် အစီအမံများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရထားလမ်းနှင့် ဘူတာရုံအသစ်တည်ဆောက်ရာတွင် အစကောင်းမှ အနှောင်းသေချာဟူသည့်အတိုင်း ရေရှည်တည်တံ့ကောင်းမွန်စေရေး သတ်မှတ်စံချိန်စံညွှန်းများအတိုင်းလုပ်ငန်းစဉ်အဆင့်အလိုက် အရည်အသွေးပြည့်မီအောင် တည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားခရီးစဉ်အတိုင်း ခရီးသွားပြည်သူများနှင့်အတူ လိုက်ပါစီးနင်း**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် *စာမျက်နှာ ၆ သို့*





တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း တူးဖော်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားဖြင့် ခရီးသွားပြည်သူများနှင့်အတူ လိုက်ပါစီးနင်းစဉ်။

**❖ ရထားလမ်းနယ်များအတွင်း စိမ်းလန်းစိုပြည်သာယာပြီး မျက်စိပသာဒဖြစ်စေသည့် သစ်တောငယ်များကို စိုက်ပျိုးသွားရန်နှင့် မီးရထားဖြင့် သွားလာလျက်ရှိသည့် မီးရထားစီးပြည်သူများစိတ်လက်ချမ်းသာစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေး၊ ပြည်တွင်း ပြည်ပ ခရီးသွားများအား ဆွဲဆောင်မှုရှိစေရေး၊ Public Transportation ဖြစ်သည့် ရထားပို့ဆောင်ရေးအပေါ် ပြည်သူများအားထားမှု ပိုမိုမြင့်တက်လာစေရေး ဆောင်ရွက်**

*စာမျက်နှာ ၅ မှ*

ဥက္ကဋ္ဌနှင့် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် နေပြည်တော်မှ ထွက်ခွာလာသည့် နေပြည်တော်-ရန်ကုန် အမှတ်(၈) အစုန် DEMU လူစီးအမြန်ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများနှင့်အတူ တောင်ငူဘူတာမှ ရန်ကုန်ဘူတာကြီးအထိ ရထားလမ်းပိုင်းတစ်လျှောက် လိုက်ပါစီးနင်းသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့လိုက်ပါစီးနင်းစဉ် ရထားလမ်းပိုင်းကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရထားတွဲဆိုင်းများအတွင်း ခရီးသွားများ လိုက်ပါစီးနင်းလျက်ရှိမှုအခြေအနေများ၊ ရထားဖြင့်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ ရထားစီးနင်းရာတွင် စိတ်လက်ချမ်းသာစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေး မြန်မာ့မီးရထားမှ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးထားမှုအခြေအနေများနှင့် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်မည့် အခြေအနေများ၊ ရထားလမ်းဘေးဝဲယာရှိ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မြို့ပြနှင့်ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရထားလမ်းများ ကြံ့ခိုင်မှုရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းဘေး ဝဲ/ယာ တစ်လျှောက် သန့်ရှင်းသာယာလှပပြီး ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းဘေးရှိ လယ်ယာမြေများကို စနစ်ကျနသည့် လယ်ယာမြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘူတာယာဒ်ဝင်းနှင့် ဘူတာရုံများ စနစ်တကျဖြစ်စေရေးနှင့် သန့်ရှင်းသာယာမှုများရှိစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းနယ်များအတွင်း စိမ်းလန်းစိုပြည်သာယာပြီး မျက်စိပသာဒဖြစ်စေသည့် သစ်တောငယ်များကို စိုက်ပျိုးသွားရန်လိုကြောင်း၊ မီးရထားဖြင့် သွားလာလျက်ရှိသည့် မီးရထားစီးပြည်သူများ စိတ်လက်ချမ်းသာစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေးနှင့် ပြည်တွင်းပြည်ပခရီးသွားများအား ဆွဲဆောင်မှုရှိစေရေး၊ Public Transportation ဖြစ်သည့် ရထားပို့ဆောင်ရေးအပေါ် ပြည်သူများအားထားမှု ပိုမိုမြင့်တက်လာစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားအား လိုက်ပါစီးနင်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရထားခရီးစဉ်တွင် အတူစီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ရထားခရီးစဉ်တွင် အတူစီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် ရန်ကုန်ဘူတာကြီးသို့ရောက်ရှိကြပြီး မီးရထားဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါ DEMU လူစီးအမြန်ရထားတွဲ အသစ်များကို ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်းတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန် ရထားများ စတင်ပြေးဆွဲခဲ့ပြီး ပြေးဆွဲချိန် ၅ နာရီခွဲခန့် ကြာမြင့်ကြောင်း၊ ထိုသို့ DEMU လူစီးအမြန်ရထားတွဲအသစ်များပြေးဆွဲနိုင်ခဲ့သဖြင့် ရထားလမ်းပိုင်းတစ်လျှောက် ခရီးသွားပြည်သူများအနေဖြင့် မိမိတို့သွားလိုရာခရီးသို့ အချိန်တိုအတွင်း စိတ်အေးချမ်းသာစွာ၊ ဈေးနှုန်းသက်သာစွာဖြင့် စီးနင်းသွားလာလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တောင်သူလယ်သမားများအား စိုက်ပျိုးရေးနည်းစနစ်များ အသိပညာပေးခြင်းနှင့် MPE ဓာတ်မြေဩဇာများ ပေးအပ်

**ဝါးခယ်မ ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာအုပ်စု စိုက်ပျိုးရေး နည်းပညာပြန့်ပွားရေးစင်တာ၌ ယနေ့နံနက်ပိုင်းက တောင်သူများအား စိုက်ပျိုးရေးနည်းစနစ်များ အသိပညာပေးခြင်းနှင့် MPE ဓာတ်မြေဩဇာများ ပေးအပ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များက ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံကာ သီးနှံမျိုးစုံ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး၊ ရာသီအလိုက် စိုက်ပျိုးသီးနှံများအတွက် ဓာတ်မြေဩဇာလိုအပ်ချက်များ ရည်ညွှန်းဈေးနှုန်းဖြင့်ရရှိရေး၊ တောင်သူတိုင်း Drum Seeder ဖြန့်ဖြူး/ရရှိနိုင်ရေး၊ ဆောင်းဆီထွက်သီးနှံ (နေကြာ၊ ပဲပုပ်) စိုက်ပျိုးနိုင်ရေး မြေနေရာစုဖွဲ့ထားရှိရန်နှင့် တာဝန်ခွဲဝေပေးခြင်း၊ စိုက်နည်းစနစ်များ အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် ကြာဖြူကျေးရွာ တောင်သူ ဦးဝင်းဗိုလ်က မိုးစပါးအထွက်ကောင်းမျိုး ပြောင်းလဲစိုက်ပျိုးသော တောင်သူများအား MPE ဓာတ်မြေဩဇာများ ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ကိန်းဂဏန်းအချက်အလက်ဒေတာများ တိကျမှန်ကန်မှုရှိစေရန် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် စာကြည့်တိုက်အခြေပြု သင်ကြားသင်ယူမှုအားပေးမည့်အစီအမံများ ချမှတ်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်အခြေပြု သင်ကြားသင်ယူမှု အားပေးမည့်အစီအမံများ ချမှတ်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဦးစီးဌာနအလိုက် မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းရပ်များကို တင်ပြကြစေလိုပါကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ပညာရေးလုပ်ငန်းများအောင်မြင်စေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ ကိန်းဂဏန်းအချက်အလက်ဒေတာများ တိကျမှန်ကန်မှုရှိစေရန် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရုံးနှင့်ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းပရဝဏ် သန့်ရှင်းသာယာစေရေးအတွက် အမြဲမပြတ် ပုံမှန်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ စာကြည့်တိုက်များရှိ စာအုပ်စာရင်းများ စနစ်တကျထားရှိရန်နှင့် စာကြည့်တိုက်အခြေပြု သင်ကြားသင်ယူမှု အားပေးမည့်အစီအမံများ ချမှတ်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးညွှန်ကြားရေးမှူးများက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် ငလျင်ဘေးထိခိုက်ပျက်စီးခဲ့သောလမ်းများ ပြန်လည်ပြုပြင်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဥတ္တရသီရိမြို့နယ် မန္တလေးလမ်းနှင့် သံတောင်လမ်းများသို့ သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု ကြံဘိုကျေးရွာ ကွင်းအမှတ် (၁၃၁၇) ရှိ ဦးကျော်ဆွေ၏ နေကြာစိုက်ခင်းနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုအား သွားရောက်ကြည့်ရှုပြီး တောင်သူများနှင့်တွေ့ဆုံကာ တောင်သူများ၏ ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ ကွင်းအမှတ် (၁၄၇၄) ရှိ တောင်သူဦးသန်းထိုက်၏ မိုးစပါးစိုက်ခင်းတွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ပေါင်းစပ်ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲ တက်ရောက်ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မျိုး၊ မြေ၊ ရေ၊ နည်းနည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးဆောင်ရွက်ရေး၊ မိုး၊ ဆောင်း၊ နွေရာသီပြည့်သီးနှံ စိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သဘာဝမြေဩဇာအား တောင်သူများ ကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ ကြံပက်စနစ်ပပျောက်အောင် မျိုးစေ့ချကိရိယာများ၊ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် အသုံးပြုဆောင်ရွက်ရေးနှင့် ဓာတ်မြေဩဇာများကို နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဝေပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယူရီးယားဓာတ်မြေဩဇာကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက အောင်နိုင်တိုးမျိုးစပါးများ၊ နေကြာနှင့် ပဲတီစိမ်းမျိုးများ၊ သွင်းအားစုများကို လည်းကောင်း တောင်သူများထံပေးအပ်ကြပြီး မိုးစပါးစိုက်ခင်းအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာပေါင်းစပ်ထည့်သွင်းခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး )၌ မိုးရာသီမေဂျာပေါင်းစုံ ကျောင်းအုပ်ကြီးဖလား အားကစားပြိုင်ပွဲများကျင်းပ

**မကွေး ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အစိုးရနည်းပညာ အထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိုးရာသီ မေဂျာပေါင်းစုံ ကျောင်းအုပ်ကြီးဖလား အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။



ဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ညွှန့်က အမှာစကားပြောကြားပြီး အားကစားနည်းပြဆရာများက ပြိုင်ပွဲဝင်စည်းမျဉ်း စည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက သစ္စာအဓိဋ္ဌာန် (၄) ချက်ရွတ်ဆို၍ ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ အဆိုပါ မိုးရာသီ မေဂျာပေါင်းစုံ ကျောင်းအုပ်ကြီးဖလား အားကစားပြိုင်ပွဲတွင် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသား Table tennis ပြိုင်ပွဲနှင့် အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ဩဂုတ် ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကျေးရွာအုပ်စု ၃၄ အုပ်စု၌ မိုးနှမ်း ၃၂၃၄ ဧက စိုက်ပျိုး

**ကျောက်ဆည် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံရေး ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကျေးရွာအုပ်စု ၃၄ အုပ်စု၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးနှမ်း ၃၂၃၄ ဧက စိုက်ပျိုးကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ကျေးရွာအုပ်စုများဖြစ်ကြသည့် ပန်းခွာ၊ ကျီးပြ၊ သင်ပျို၊ ကျီးအိပ်၊ ဒွေးလှ၊ အနောက်ငါးဆူ၊ ရှားပင်၊ ဒါန်းတိုင်၊ ရန်ဘက်လို၊ ပေတောကြီး၊ ဘုံကွင်း၊ စင်းကွန်း၊ အရှေ့ငယ်တိုး၊ ရဲဘော်ကြီး၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲကျေးရွာ၊ ကြက်သားဟင်း၊ သင်ကတုံ၊ အရှေ့သာဂရ၊ ကလေး၊ မှိုင်းပန်၊ ပြည်တော်သာ၊ ရှမ်းတောင် ဦး၊ သံရွာ၊ ခါးတ္တုန်း၊ ဆူလေကုန်း၊ မြေစိုမိုး၊ ပေါင်လောင်၊ တောင်တော်နှင့် ကင်း စုစုပေါင်း ကျေးရွာအုပ်စု ၃၄ အုပ်စု၌ မိုးနှမ်း ၃၂၃၄ ဧက စိုက်ပျိုးကြသည်။

မိုးနှမ်းသီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ရေး စိုက်ပျိုးရေးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးလာကြပြီး မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့မှ ဒေသနှင့်ကိုက်ညီသည့် နှမ်းမျိုးများဖြန့်ဝေခြင်း၊ အပင်ပြုစုရိတ်သိမ်းခြင်းနည်းပညာများ ပံ့ပိုးပေးလျက်ရှိသည်။

**သက်မောင်(ကျောက်ဆည်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းရှင်များထံမှ ချေးငွေအမြန်ဆုံး ပြန်လည်ရရှိရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေး လိုအပ်သော ဓာတ်မြေဩဇာစာရင်း၊ Drum Seeder များ ရရှိနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းရှင်များထံမှ ချေးငွေအမြန်ဆုံးပြန်လည်ရရှိရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေး လိုအပ်သော ဓာတ်မြေဩဇာစာရင်း၊ Drum Seeder များ ရရှိနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ကိုဗစ်-၁၉ ချေးငွေများ ဆုံးရှုံးမှုမရှိစေရေး၊ စားရေရိက္ခာဖြည့်တင်းရန် စိုက်ပျိုးရေးထုတ်ကုန်များကို ယခင်ကထက် ပိုမိုတိုးတက်ထုတ်လုပ်ရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ကိုဗစ်-၁၉ ချေးငွေများ အချိန်မီ ပြန်လည်ပေးဆပ်နိုင်ရေးနှင့် ဓာတ်မြေဩဇာများ ဝယ်ယူနိုင်ရေး၊ Drum Seeder များ ရရှိနိုင်ရေးတို့ကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် ချေးငွေစိစစ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများ ထုတ်ပေးထားရှိမှု၊ အတိုး၊ အရင်းများ ပြန်လည်ကောက်ခံမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

သတင်းစဉ်



## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မုံရွာ ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂)အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (အလုံ)ကျောင်းအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်း၍သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ဝန်ထမ်းများအား ဈေးနှုန်းသက်သာစွာဖြင့် စားသုံးဆီများ၊ ဆန်နှင့် ဟင်းသီးဟင်းရွက်များ ရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် တိုင်းဒေသကြီး အတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သက်ဆိုင်ရာဒေသများရှိ အခြေခံပညာ ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့ဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းခွင်၌ ယာဉ်ရပ်နားရန်နေရာများ ဆောင်ရွက်နေမှု၊ အုတ်စီရေမြောင်းများ ဆောင်ရွက်ပြီးစီးမှု၊ ရင်ပြင်ပတ်လမ်းများ ကတ္တရာလမ်းများ ခင်းကျင်းနေမှု၊ အရိပ်ရအပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှုနှင့် လျှပ်စစ်မီးတိုင်များ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေး လုပ်ငန်းများ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ထားဝယ် ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထားဝယ်မြို့တော်ခန်းမ အဆောက်အအုံတည်ဆောက်နေမှုနှင့် အမှတ်(၁)အခြေခံပညာအထက်ကျောင်းဝင်းအတွင်း တည်ဆောက်ပြီးစီးသည့် ခန်းမကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြက်စားပြင်ရပ်၊ ကမ်းနားလမ်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးနံဘေး ရေကန်နှင့်အကောက်ခွန်ဦးစီးဌာနရုံးနှင့် သဲကွင်းဆိပ်တံတားအကြား မြေထိန်းနံရံအပေါ် လက်ရန်းတပ်ဆင်ခြင်းလုပ်ငန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးနှင့် ငါးလေးလံဈေးအကြား မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ရေရှည်ခိုင်မြဲရေးနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး အလေးအနက်ထား ဆောင်ရွက်ရန် မှာကြားသည်။ **သတင်းစဉ်**



# နေပြည်တော်၌ အိမ်ခြံမြေအသိပညာမြှင့်တင်ရေးသင်တန်းဖွင့်



နေပြည်တော် ဩဂုတ် ၂

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်း (နေပြည်တော်ရုံးခွဲ)တို့ ပူးပေါင်းကျင်းပသည့် AML/ CFT အသိပညာပေး ဟောပြောပွဲနှင့် အိမ်ခြံမြေ အသိပညာ မြှင့်တင်ရေးသင်တန်း(၃၉/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ် တံ့ဂပူရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်း နာယက ဦးတင်မောင်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဗဟို ဥက္ကဋ္ဌ ဦးနန္ဒကျော်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ သင်တန်းကို ရောင်းမှားဝယ်မှားဖြစ်မှု၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ချောမွေ့စွာ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ပြီး ကြီးကြပ်ရေးအာဏာပိုင်၏ ၁/၂၀၂၂တွင် အကျိုးဆောင်လုပ်ငန်း လုပ်ဆောင်သူများအနေဖြင့် မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရာတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သင်တန်းတက်ရောက်ပြီးကြောင်း သင်တန်းဆင်း လက်မှတ်ရရှိမှသာ လုပ်ငန်းလိုင်စင်လျှောက်ထားသည့်အခါ လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

သင်တန်းနည်းပြများအဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် BIG SOFT နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများက သင်တန်းပို့ချပေးပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ အသင်းဝင် သင်တန်းသား ၁၀၀၀ ခန့် တက်ရောက်ကာ သင်တန်းကို နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဘီ**

❊ *ကျောဖုံးမှ*

ဆွန်ရက်သည် Main Event အဖြစ် ထိုင်းဖိုက်တာ ဆာမီဒမ်နှင့် ထိုးသတ်ရမည်ဖြစ်ပြီး စိန်လုံးချောက ထိုင်းဖိုက်တာ ဆာနစ်လုသမ်နှင့် ထိုးသတ်ရမည်ဖြစ်သည်။ ဆွန်ရက်သည် ONE နှင့် ၁၂ ပွဲထိုးသတ်ထားရာ ခုနစ်ပွဲနိုင်၊ ငါးပွဲရှုံးနိမ့်ထားသည်။ ဆာမီဒမ်မှာမူ ONE နှင့် ကိုးပွဲထိုးသတ်ထားရာ ခြောက်ပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ထားပြီး မြန်မာဖိုက်တာ မိုးထက်အောင်ကို အမှတ်ဖြင့် အနိုင်ရဖူးသူဖြစ်သည်။ ONE Friday Fights ပြိုင်ပွဲတွင် မြန်မာဖိုက်တာများအနက် ပထမဆုံး Main Event ထိုးသတ်ခွင့်ရရှိခြင်းဖြစ်သည်။

ယခင်က ONE Friday Fights 119 ပြိုင်ပွဲတွင် မြန်မာလူငယ်ဖိုက်တာ သန့်ဇင်တွဲဆိုင်း ပါဝင်မည်ဟု ထုတ်ပြန်ထားသော်လည်း ပြိုင်ဘက်ဖြစ်သူ၏ ကျန်းမာရေးကြောင့် အပြောင်းအလဲပြုလုပ်ခဲ့ပြီး ယခုပြိုင်ပွဲတွင် ပါဝင်မည်မဟုတ်ကြောင်း သိရသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-ONE**



Main Event ထိုးသတ်ရမည့် ဆွန်ရက်

◆ *ကျောဖုံးမှ*

ယနေ့(အမျိုးသား)သုံးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေး တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေး တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းကမန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

(အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မန္တလေး တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၃ ရက် နံနက် ၉ နာရီမှ စတင်၍ (အမျိုးသား/အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်အဖြစ် (အမျိုးသား)၊ (အမျိုးသမီး)ပြိုင်ပွဲစဉ်များအပြီးတွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ဩဂုတ် ၇ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❏ *ကျောဖုံးမှ*

၎င်းသည် ကနေဒါအိုးပင်း ၁၂၈ ဦး အဆင့်တွင် ရိုးမေးနီးယားတင်းနစ်မယ် ရုစ်၊ ၆၄ ဦး အဆင့်တွင် အမေရိကန်တင်းနစ်မယ် စတန်းမ်တို့ကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော်လည်း ၃၂ ဦး အဆင့်တွင် ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။ ရာဒူကာနူသည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ဝါရှင်တန်အိုးပင်းပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းထားနိုင်သူ ဖြစ်သည်။

ရာဒူကာနူကို ကျော်ဖြတ်ကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သော အနီဆီမိုဗာသည် ကနေဒါအိုးပင်း ပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ယူကရိန်းတင်းနစ်မယ် အီလီနာ စဗစ်တိုလီနာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ စဗစ်တိုလီနာသည် ၃၂ ဦးအဆင့်တွင် အန်နာကာလင် စကာယာနှင့် တွေ့ဆုံခဲ့ပြီး ၆-၁၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦး အဆင့်သို့ တက်လှမ်းလာသူ ဖြစ်သည်။

**အောင်ဇော်**

❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# စာပေလေ့လာဖတ်ရှုမှု လူသားတိုင်းကို ကောင်းကျိုးပြု

**တင်ထက်ထက်ဇော်**



ယနေ့ခေတ်လူငယ်အတော်များများ အွန်လိုင်း၊ မီဒီယာများဖြင့် ပျော်မွေ့နေကြသည်။ လူငယ်များသာမက လူလတ်ပိုင်း၊ တချို့လူကြီးပိုင်းများလည်း အွန်လိုင်းကို စွဲလမ်းနေကြသည်။ ကလေးများ ဂိမ်းစွဲလာကြသည်။ ကိုယ်လက်လှုပ်ရှားမှု မရှိ။ လေးလံလာကြသည်။ လူမှုဆက်ဆံရေးနယ်ပယ်ကျဉ်းမြောင်းခြင်းနှင့်အတူ လောကနီတိ သဘောသဘာဝချို့ယွင်းလာကြသည်။ အရေးကြီးဆုံးအချက်ဖြစ်သည့် စာပေလေ့လာဖတ်ရှုမှုလည်း အားနည်းလာကြသည်။ စာဖတ်အားနည်းခြင်းက ဘဝတိုးတက်မှု နာရီလက်တံများကို အတိုင်းအတာတစ်ခုအထိ ရပ်တန့်သွားစေသည်။ ခေတ်စနစ်၏ တောင်းဆိုချက်အရ ရုပ်ဝတ္ထုများတိုးတက်လာသည်။ အကျိုးပြုစာပေများဖတ်ရှုခြင်းထက် အွန်လိုင်းများ၊ အီလက်ထရောနစ်မီဒီယာများ၊ ဒစ်ဂျစ်တယ်များဖြင့်သာပျော်မွေ့နေကြသည်။ သို့သော် အွန်လိုင်းကို အကျိုးရှိရှိ အသုံးမပြုကြပေ။ စာမဖတ်ကြဘဲ ဂိမ်းဆော့ခြင်း၊ မီဒီယာကြည့်ခြင်းတို့ဖြင့်သာ အချိန်ကုန်မှန်းမသိ တစ်နေ့တာ ပြီးဆုံးသွားပြန်သည်။

**"လူကို စိတ်က အုပ်ချုပ်၏။ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်၏။ ဉာဏ်ပညာကို ဗဟုသုတကအုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးတို့ကို ဖတ်ကြကုန်လော့"** ဟု လည်းကောင်း၊ **"စာမဖတ်သူသည် ကြီးပွားတိုးတက်ရေးလမ်း၌ တစ်နေရာရာမှာ ရပ်နေ၏။ စာဖတ်သူမှာ မရပ်။ သေမှသာ အတိုးရပ်ပေလိမ့်မည်"** ဟု လည်းကောင်း ဆရာကြီး ပီမိုးနင်းက လမ်းညွှန်ထားပါသည်။

**"စာမဖတ်သူသည် တိုးတက်မှုရပ်တန့်နေ၏။ စာဖတ်သူသည် တိုးတက်မြဲတိုးတက်နေ၏"** ဟု လူထုဦးလှက စာဖတ်ရှိန်မြှင့်တင်ရေး လှုံ့ဆော်ထားပါသည်။

**"အသိဉာဏ်က ဓားနဲ့တူပြီး စာဖတ်ခြင်းက ဓားသွေးကျောက်နဲ့တူတယ်၊ ဓားသွေးကျောက်မှာ မသွေးရတဲ့ဓားဟာ မထက်မြက်နိုင်သလို စာမဖတ်ရင်လည်း အသိဉာဏ်မဖွံ့ဖြိုးနိုင်ဘူး"**ဟုလည်း ဆရာဇေယျက ဆိုပါသည်။

**"တိုးတက်သောလူမျိုးတို့သည် စာဖတ်ကြသည်။ စာဖတ်သောလူမျိုးတို့သည် တိုးတက်ကြသည်"** ဟုလည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က တိုက်တွန်းထားပါသည်။

နေ့စဉ်ဘဝတွင် ငါ့ဝမ်းပူဆာ မနေသာသောအခါ အစားအစာများကို စားသုံးကြရသကဲ့သို့ ဦးနှောက်အာဟာရ ဖြည့်သည့်အနေဖြင့်လည်း စာများများဖတ်ရှုကြရပါမည်။ တစ်နည်းဆိုသော် နေ့စဉ်ဘဝတွင် အစာမစားဘဲ မနေနိုင်သကဲ့သို့ စာမဖတ်ရဘဲ မနေနိုင်သော အလေ့အကျင့်ကောင်းကို ပျိုးထောင်ရန်လိုပါသည်။ အသိဉာဏ်ဗဟုသုတ တိုးပွားရင့်ကျက်ခြင်းသည် ဦးနှောက်ပြည့်ဝခြင်း၏ အမှတ်အသား လက္ခဏာဖြစ်သည်။ ထို့ကြောင့် စာကောင်းပေမွန်များကို များများဖတ်ရှုရပါမည်။

**စာကြည့်တိုက်မှာ သုတရှာ**

"အလိမ္မာစာမှာရှိ"၊ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဟူသော ဆုံးမစကားများကို လူတိုင်း နားရည်ဝနေကြပေလိမ့်မည်။ ယနေ့ခေတ်ခါ ဖုန်းလေးတစ်ချက်ကြည့်လိုက်ရုံမျှဖြင့် သုတ၊ ရသ စာပေစုံများကို အင်တာနက်မှတစ်ဆင့် ဖတ်ရှုနိုင်ပါသည်။ သို့သော် အကျိုးပြုစာပေကို အမှန်တကယ် ရွေးချယ်တတ်ရန် အရေးကြီးသည်။

နေ့စဉ် စာမျက်နှာ ၁၀ မျက်နှာအထိ စာဖတ်သည့်အကျင့်ကိုမွေးမြူပါ။ စာဖတ်အား ကောင်းလာသည့်အခါ စာဖတ်ရှိန်မြင့်လာသည့်အခါ စာအုပ်စင်မှာ ချောင်ထိုးထားသည့် စာအုပ်များကို ဖတ်ချင်လာလိမ့်မည်။ သဘောတွေ့လာမည်။ ဤပုံစံမျိုးဖြင့် မိမိကိုယ်ကို စာဖတ်ရှိန် မြှင့်တင်ရပါမည်။

ထို့ကြောင့် အခုမှ ပြင်ပစာများကို စဖတ်သူအနေဖြင့် မိမိစိတ်ဝင်စားဆုံး စာအုပ်မျိုးကို ရွေးချယ်ဖတ်ပါ။ ထိုမှတစ်ဆင့် စာဖတ်အား သန်လာသည့်အခါ၊ စာဖတ်အားကောင်းလာသည့်အခါ တခြားသုတစာပေ၊ တခြားရသစာပေများကိုလည်း ဖတ်ပါ၊ လေ့လာပါ။ သုတစာပေက အသိပညာတိုးပွားပြီး တည်ကြည်ရင့်ကျက်စေသည်။ အတွေးအခေါ်များ ပိုကောင်းလာသည်။ ရသစာပေက စိတ်နှလုံးကို သိမ်မွေ့နူးညံ့စေပါသည်။ ကိုယ်ချင်းစာတရား ရှိလာမည်။ ယဉ်ကျေးလာမည်။ ထိုအခါ ကိုယ်ရည်ကိုယ်သွေး တက်လာပြီး မိမိကိုယ်ကို ယုံကြည်မှုရှိလာမည်။ အောင်မြင်ခြင်းလမ်းစ ရောက်လာပါမည်။

❖ **နေ့စဉ်ဘဝတွင် အစာမစားဘဲ မနေနိုင်သကဲ့သို့ စာမဖတ်ရဘဲ မနေနိုင်သော အလေ့အကျင့်ကောင်းကို ပျိုးထောင်ရန် လိုပါသည်။ အသိဉာဏ်ဗဟုသုတ တိုးပွားရင့်ကျက်ခြင်းသည် ဦးနှောက်ပြည့်ဝခြင်း၏ အမှတ်အသား လက္ခဏာဖြစ်သည်။ ထို့ကြောင့် စာကောင်းပေမွန်များကို များများဖတ်ရှုရပါမည်**

❖ **သုတစာပေက အသိပညာတိုးပွားပြီး တည်ကြည်ရင့်ကျက်စေသည်။ အတွေးအခေါ်များ ပိုကောင်းလာသည်။ ရသစာပေက စိတ်နှလုံးကို သိမ်မွေ့နူးညံ့စေပါသည်။ ကိုယ်ချင်းစာတရား ရှိလာမည်။ ယဉ်ကျေးလာမည်။ ထိုအခါ ကိုယ်ရည်ကိုယ်သွေး တက်လာပြီး မိမိကိုယ်ကိုယုံကြည်မှုရှိလာမည်။ အောင်မြင်ခြင်းလမ်းစ ရောက်လာပါမည်**

**အရေးကြီးလှ မိဘများ၏အခန်းကဏ္ဍ**

လွန်ခဲ့သော ဆယ်စုနှစ် လေးခုခန့် (အနှစ် ၄၀ ခန့်)က မြန်မာနိုင်ငံတွင် စာမတတ်သူဦးရေ များပြားနေရာ **"စာမတတ်သူပပျောက်ရေး"** ဟူ၍ ကျေးရွာအနှံ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အသုံးလုံး စာသင်ပေးကြသည်။ တက္ကသိုလ်၊ ကောလိပ်ကျောင်းပေါင်းစုံက ကျောင်းသားကျောင်းသူများက တောင်သူများအား ယာတောထဲသို့အထိ လိုက်ပါကူညီပေးပြီး လုပ်အားပေးကာ စာသင်ပေးခဲ့ကြသည်။ဘိုးဘွားများကိုလည်း စာသင်ယူ ချင်စိတ်ရှိလာအောင်၊ အရေးအဖတ်တတ်အောင် တစ်အိမ်တက်တစ်အိမ်ဆင်း စည်းရုံးရသည်။ ၁၉၈၄ ခုနှစ်အထိ နိုင်ငံတော်က စာမတတ်သူပပျောက်ရေး လှုပ်ရှားခဲ့ပါသည်။ တဖြည်းဖြည်း ခေတ်ကာလ ရွှေ့လျားလာသည်နှင့်အမျှ ၂၀ ရာစု ရောက်သောအခါ စာတတ်သူ များပြားလာသည်။ ၂၀၁၉ ခုနှစ် ကာလအထိ ဆန်းစစ်မှုမှတ်တမ်းများအရ မြန်မာ့ လူဦးရေ သန်း ၅၀ တွင် စာဖတ်တတ်သူ ၉၈ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း ပညာရှင်များက မှတ်တမ်းတင်ထားသည်။

ကလေးများ စာဖတ်ကျင့်ရှိရန်၊ လူငယ်များ စာဖတ်ကြရန် လူကြီးမိဘများကိုယ်တိုင်က စာပေလေ့လာဖတ်ရှုမှုများ လုပ်ရပါမည်။ မိဘကိုယ်တိုင်က ဗဟုသုတနည်းလျှင် သားသမီးကို မည်သည့်လမ်းကောင်းမျှ ညွှန်ပြနိုင်စွမ်းမရှိပေ။ ခေတ်ကလေးများမှာ အွန်လိုင်း၊ မီဒီယာများကြောင့် အသိမြန်အတတ်လွယ်ကြသည်။ အတုခိုးမြန်ဆန်ပြီး လူကြီးဖြစ်စောလာသည်။ သို့သော် အတုယူမှားခြင်း၊ အတုခိုးမှားခြင်းက ကလေးများအတွက် လမ်းမှားတွေ့နိုင်သည်။ မိဘကလည်း ဗဟုသုတနည်းပါးလျှင် သားသမီး လိမ္မာသမျှ ညာသမျှခံရမည်။ ထိုအခါ မျိုးဆက်သစ်ကို ကောင်းမွန်သည့် အသိပညာအမွေ မပေးနိုင်တော့ချေ။ ထို့ကြောင့် မိဘများကို စာများများ ဖတ်စေချင်ပါသည်။ ကျား၊ မ အားလုံး စာဖတ်သည့် အလေ့အကျင့်ကောင်းကို မိမိကိုယ်ကို ထူထောင်ရမည်။ အရွယ်အားလုံး စာဖတ်ကြရန်လိုပါသည်။

**စာဖတ်ခြင်းအကျိုး**

"နေမင်း၏အလင်းရောင်သည် နေ့အခါ၌သာ ထွန်းလင်းနိုင်၏။ လမင်း၏အရောင်သည် ညအခါ၌သာ ထွန်းလင်းနိုင်၏။ စာအုပ်စာပေတို့မှရသော ပညာဉာဏ်အရောင်သည် အချိန်အခါမရွေး ထွန်းလင်းတောက်ပနိုင်၏" ဟူသော ဆိုရိုးစကားရှိပေသည်။ စာဖတ်ခြင်းက လူတစ်ယောက်ကို ချက်ချင်းလက်ငင်း တိုးတက်ပြောင်းလဲသွားသည်ဟု မဆိုသော်လည်း၊ စာဖတ်အားကောင်းလာသည်နှင့်အမျှ ထိုသူ၏ အတွေးအမြင်၊ အပြောအဆို၊ အပြုအမူနှင့် အင်္ဂါရုပ်မှာလည်း သိသိသာသာ ပြောင်းလဲသွားသည်။

**စာဖတ်ခြင်းက စိတ်ဖိစီးမှုပြေပျောက်နိုင်**

စာဖတ်ခြင်းသည် ဦးနှောက်နှင့် စိတ်အလုပ်ဖြစ်သည်။ လေဖြတ်ခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ ပါကင်ဆဲန်(ခေါ်)ခြေတုန်လက်တုန်ရောဂါ၊ အယ်လ်ဇိုင်းမား(ခေါ်) ဦးနှောက်ဇရာအကြိုရောဂါနှင့် လှုပ်ရှားမှု မမှန်ကန်ခြင်းရောဂါတို့အတွက် စာဖတ်ခြင်းက အထိုက်အလျောက် ကြိုတင်ကာကွယ်နိုင်ပါသည်။ ယူကေတက္ကသိုလ်တစ်ခုဖြစ်သော University of Sussex ၏ သုတေသနပြုလုပ်ချက်များအရ လူတစ်ဦးသည် လမ်းလျှောက်၍ စကားစမြည်ပြောခြင်းကြောင့် ၄၂ ရာခိုင်နှုန်း၊ လက်ဖက်ရည်၊ ကော်ဖီတစ်ခွက်သောက်ခြင်းကြောင့် ၅၄ ရာခိုင်နှုန်း၊ သီချင်းနားထောင်ခြင်းကြောင့် ၆၁ ရာခိုင်နှုန်း စိတ်ဖိစီးမှုကို လျော့ကျစေသည်။ သို့ရာတွင် စာဖတ်ခြင်းကြောင့် စိတ်ဖိစီးမှုကို ၆၈ ရာခိုင်နှုန်းအထိ လျှော့ချစေနိုင်ကြောင်း ဆိုထားသည်။ ထို့ကြောင့် စာဖတ်ခြင်းသည် စိတ်ဖိစီးမှုကို သိသိသာသာ လျော့ကျစေပါသည်။ သို့သော် စာပေလေ့လာဖတ်ရှုရာတွင် မည်သည့်စာပေ အမျိုးအစားကို ဖတ်ရှုရမည်ဆိုခြင်းထက် မိမိစိတ်ပါဝင်စားရာ၊ မိမိသိလိုရာ အကြောင်းအရာများ ပါဝင်သည့် စာအုပ်များကို ဖတ်ရှုသင့်ပါသည်။

**ကံကောင်းစေဖို့ စာဖတ်စို့**

ရုပ်ဝတ္ထုများ ပြိုင်ဆိုင်မှုများသည့်ခေတ်မှာ **"သူ့ကံကိုမပြိုင်နဲ့၊ ကိုယ့်ကံကိုပြင်ပါ"** ဟု အကြံပေးလိုပါသည်။

*စာမျက်နှာ ၁၁ သို့*

# လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူအသိပညာပေး



**နေပြည်တော် ဩဂုတ် ၂**
ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာ ပင်လောင်းလမ်းဘေးရှိ တောင်သူ ဒေါ်ခိုင်၏ လယ်မြေပေါ်၌ ဇူလိုင် ၃၁ ရက်က လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူအသိပညာပေး သရုပ်ပြပွဲကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးနှင့် ဦးဟန်သူ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

တောင်သူများအနေဖြင့် ကြဲခင်းစနစ် ပပျောက်စေရန်အတွက် မျိုးစေ့ချကိရိယာများ၊ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးဆောင်ရွက်ရေး၊ နွေ၊ မိုး၊ ဆောင်း၊ ရာသီပြည့်စိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေသြဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် သီးနှံစိုက်စွမ်းအားမြှင့်တင်နိုင်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံအသုံးပြုဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများက ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက တောင်သူများအားစိုက်ပျိုးရေးအသိပညာပေးခြင်းများဆောင်ရွက်ခဲ့ပြီး တက်ရောက်လာသည့်တောင်သူများအား နေပြည်တော်ကောင်စီဝင် ဦးမင်းဦးနှင့် ဦးဟန်သူတို့က အောင်နိုင်တိုးမျိုးစပါးနှင့် ထိုင်းနှံကောက်မျိုးစပါးများ ထောက်ပံ့ပေးအပ်ခဲ့ကာ လက်ဆွဲ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

## မိတ္ထီလာတက္ကသိုလ်၌ ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်း

**မိတ္ထီလာ ဩဂုတ် ၂**
မိတ္ထီလာတက္ကသိုလ်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မိတ္ထီလာတက္ကသိုလ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၁/၂၀၂၅) ဆင်းပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါတက္ကသိုလ်၏ ဝန်ဇင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် မိတ္ထီလာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဘဟန်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်ဇေယျတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး မိတ္ထီလာတက္ကသိုလ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ သမိုင်းဌာနပါမောက္ခ (ဌာနမှူး) ဒေါက်တာမြင့်မြင့်သိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အခြေခံကြက်ခြေနီသင်တန်းမှ သင်တန်းသားသင်တန်းသူများက ပတ်တီးစည်းသရုပ်ပြသခြင်းနှင့် ကြက်ခြေနီများ၏ အများအကျိုးဆောင်ရွက်မှု သရုပ်ဖော်တစ်ခန်းရပ်ပြဇာတ် သရုပ်ပြတင်ဆက်ခြင်းတို့ကို ပြုလုပ်သည်။ ထို့နောက် မိတ္ထီလာတက္ကသိုလ်



ကိုယ်စားပြု စံပြကြက်ခြေနီဆုရရှိသူ ကျောင်းသားနှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများကို လည်းကောင်း၊ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ **ချမ်းသာ(မိတ္ထီလာ)**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အလုပ်ခွင်ပြင်ပထိခိုက်သေဆုံးမှုအတွက် အကျိုးခံစားခွင့်များ ထုတ်ပေး

**ရန်ကုန် ဩဂုတ် ၂**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးမှ အလုပ်ခွင်ပြင်ပထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ဇူလိုင် ၃၁ ရက်က လူမှုဖူလုံရေးရုံး၌ ထုတ်ပေးလျက်ရှိသည်။

အဆိုပါ အကျိုးဝင်မှတ်ပုံတင်ထားသော Jiangsu Sanhe Myanmar စက်ရုံမှ အာမခံအလုပ်သမား ဒေါ်နန္ဒာလှိုင်၏ မိသားစုအကျိုးခံစားခွင့် အဆ(၃၀) ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ နှင့် Kamcaine Manufacturing Co,ltd အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဒေါ်စုလှိုင်ဝင်း၏ မိသားစုအကျိုးခံစားခွင့် အဆ(၃၀)ခွင့်ပြုငွေကျပ် ၅၂၆၃၅၀၀ တို့ကို တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက ရုံးခွဲတာဝန်ခံ၊ အလုပ်ဌာနမှ တာဝန်ရှိသူများ၊ မိသားစုဝင်များ ရှေ့မှောက်၌ အကျိုးခံစားခွင့်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**



## ကံမမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး

**ကံမ ဩဂုတ် ၂**
ကံမမြို့၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ် လျှပ်စစ်မှူးနှင့်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်က မြို့မဈေး၌ ဆောင်ရွက်သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် သတိပြုဆောင်ရွက်ရန် အချက်များ ပါဝင်ပြီး ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ လဲကျ၊ ကျိုးကျနေခြင်း၊ မိုးဒဏ်၊ လေဒဏ်ကြောင့် ဓာတ်တိုင်များယိုင်လဲခြင်း၊ ထရန်စဖော်မာ ခြံဝင်းများအတွင်းသို့ တာဝန်ရှိသူမဟုတ်ဘဲ ဝင်ရောက်ခြင်း၊ ကလေးများ ဝင်ရောက်ဆော့ကစားခြင်း၊ လျှပ်စစ်ကျွမ်းကျင်မှုလက်မှတ်မရှိဘဲ ဓာတ်အားလိုင်းများအား ပြုပြင်ဆောင်ရွက်ခြင်း၊ အိမ်တွင်း လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ပြုပြင်ခြင်းများ စသည့်လျှပ်စစ်အန္တရာယ်ဖြစ်နိုင်သောအချက်များ တွေ့ရှိပါက နီးစပ်ရာ လျှပ်စစ်ရုံးများသို့ အမြန်ဆက်သွယ် အကြောင်းကြားရန် နှိုးဆော်ထားသည့်အပြင် ရုံးဆင်းအိမ်ပြန်လျှင် ရုံးခန်းမီးခလုတ်များ ပိတ်ခြင်း၊ မီးပလပ်များ ဖြုတ်ခဲ့ရန် သတိပေးချက်များ ပါဝင်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

*စာမျက်နှာ ၁၀ မှ*
ကံကောင်းရန်အတွက် ဦးစွာပထမ စိတ်ကောင်းထားရန်လိုသည်။ စာပေလေ့လာဖတ်ရှုမှု များလာသည့်အခါ ကောင်းသောအယူဝါဒများရှိလာမည်။ အတွေးအခေါ်တတ်လာမည်။ ကိစ္စတစ်ခု ပြုမူခါနီးမှာ ဦးစွာ စိတ်(မနော)က အရင်တွေးလေ့ရှိသည်။ အတွေးကနေကြံစည်သည်။ ထိုအကြံအစည်က အပြော၊ အလုပ်ဖြစ်လာသည်။ ကံဆိုသည်မှာ အလုပ်ဖြစ်ပါသည်။ ကောင်းသော အလုပ်လုပ်လျှင် ကောင်းသည့်ကံရမည်။ ဘဝတစ်သက်တာလုံး၊ နောင်ဘဝသံသရာအထိလည်း ကံကောင်းရန်ဆိုလျှင် သူ၏ဇာစ်မြစ်က မနော(စိတ်)ဖြစ်ပါသည်။ ထို့ကြောင့် အတွေးအခေါ်များမှန်ကန်ရန် စာကောင်းပေမွန်များကို ဖတ်ရှုမှတ်သားပြီး ကျင့်ကြံကြိုးကုတ်အားထုတ်ရပါမည်။

တစ်နည်းဆိုရလျှင် စာဖတ်ခြင်းသည် ဘဏ်၌ငွေစုသကဲ့သို့ အတိုးလည်းရသည်။ ဘဏ်၌ များများစုနိုင်လျှင် များများအတိုးရမည်။ များများအသုံးပြုနိုင်မည်။ ထို့တူစွာ စာဖတ်ခြင်းကလည်း ဝမ်းစာစုခြင်းဖြစ်သည်။ အတိုးအမြတ်အဖြစ် မိမိဘဝကို ဆင်ခြင်နိုင်သကဲ့သို့ အမှား၊ အမှန်ကိုလည်း ခွဲခြားနိုင်မည်။ အမှားနည်းသူတစ်ယောက်အတွက် ဘဝတက်လမ်း မြင့်မားသွားမည်။ ဤသည်ပင် အတိုးပွားနေခြင်း ဖြစ်ပေသည်။

လူတချို့က ဘဝသင်ခန်းစာကို မိမိကိုယ်တိုင်ကြုံမှ သင်ခန်းစာယူကြသည်။ တချို့သော ဘဝသင်ခန်းစာများက ခါးသီးလွန်းသည့်အတွက် နောင်တများ ပွေ့ပိုက်ကာ ပြန်လည်အဖတ်ဆယ်ရန် အတော်ခက်ခဲနိုင်ပါသည်။ သို့သော် စာများများဖတ်သူ၊ စာဖတ်နာသူ (စာနာနာဖတ်သူ)၊ စာဖတ်ကျေသူများက စာပေဖတ်ရှုရင်း ဘဝသင်ခန်းစာယူတတ်သည်။ ထိုအခါ ရှောင်နိုင်ရှားနိုင်လာပြီး အမှားနည်းသွားမည်။ စာပေလေ့လာဖတ်ရှုမှသာလျှင် အသိပညာမြှင့်တင်နိုင်ပြီး ပြည်ထောင်စုအကျိုးကို သယ်ပိုးနိုင်မည် ဖြစ်ပေသည်။

အချုပ်ဆိုရသော် နိုင်ငံ့အနာဂတ်လူငယ်များ စာဖတ်ကြပါ။ အရွယ်သုံးပါးအားလုံး စာဖတ်ကြပါ။ စာဖတ်စေချင်ပါသည်ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❖ ❖ ❖

## လယ်ဝေးမြို့နယ်၌ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏ ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂**

နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်ရှိ မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် တပ်မတော်သားများ စုပေါင်း၍ ဖောင်တော်ချက်မဘုရားဝန်းကျင်၊ အ -ထ - က(၁) ကျောင်းဝင်းနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းမြို့အဝင်တို့တွင် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများအား မှာကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီသည် လယ်ဝေးမြို့နယ်၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဒုဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများနှင့်အတူ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာKC တွင်ကျင်းပသည့် ၂၀၂၅-၂၀၂၆ လယ်ဝေးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏ ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီက ဒေသခံတောင်သူများအနေဖြင့် ရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် သွင်းအားစုများကို သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတို့ အချိုးကျထည့်သွင်းရန် ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဒုတိယဥက္ကဋ္ဌက သီးနှံများအထွက်နှုန်းတိုးခြင်းနှင့် မြေပြင်ခြင်းနည်း စနစ်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ရေပေးဝေနိုင်မှုများ၊ မျိုးစပါးများ ဖြန့်ဝေမှုနှင့် သွင်းအားစုများ စနစ်တကျထည့်သွင်းနိုင်ရေး ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် နေပြည်တော်ကောင်စီနှင့် တာဝန်ရှိသူများက တောင်သူများအား သွင်းအားစုများ၊ EM ဖျော်ရည်များနှင့် မျိုးစေ့ချကိရိယာများ ပေးအပ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## နောင်ချိုမြို့၌ ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နှင့် အဆိုပါဒေသတစ်ဝိုက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ လိုအပ်သည့်ပြုပြင်၊ ပြင်ဆင်တည်ဆောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြရာ ယနေ့တွင် ပြည်သူ့ဆေးရုံကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ တပ်မတော်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာခရိုင်/ မြို့နယ်များမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြပြီး တာဝန်ရှိသူများက ပြည်သူ့ဆေးရုံဆိုင်းဘုတ်အား အမွှေးနံ့သာရည်များပက်ဖျန်း၍ ဆေးရုံအား ဖွင့်လှစ်ပေးသည်။ ထို့နောက် တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား လိုက်လံကြည့်ရှု၍ ဆေးဝါးကုသထားရှိမှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားသည်။

နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုသရေးဦးစီးဌာန၊ နယ်မြေခံတပ်နယ်/တပ်ရင်းများ၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များ ပူးပေါင်း၍ ပြည်သူ့ဆေးရုံ အရေးပေါ်ဌာနနှင့် လူနာကုသဆောင်များပြုပြင်ခြင်း၊ ရွေ့လျားခွဲစိတ်ခန်း တပ်ဆင်ပေးခြင်း၊ ရွေ့လျားဓာတ်မှန်စက်နှင့် အာထရာဆောင်းစက်များ တပ်ဆင်ပေးခြင်းနှင့် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၂ ရက်နံနက်ပိုင်းမှစ၍ လူနာများအား လက်ခံကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဆေးရုံအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်နေသည့် ကာလအတွင်းတွင်လည်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ တပ်မတော်မှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၁၆၇၅ ဦးအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး အသက်ငါးနှစ်အောက်ကလေး ၁၇၅ ဦးအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



**နေပြည်တော် ဩဂုတ် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်၍ ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၄ ကျောင်း၌ ကျောင်းသား ကျောင်းသူ ၃၉၀ ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၆၅၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာ သင်ကြားနိုင်ရေးအတွက် အဆိုပါကျောင်းများ၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင် ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ သင်းရှစ်သင်းဖြင့် ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂**

၂၀၂၅-၂၀၂၆ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ကို ဩဂုတ် ၃ ရက် စတင်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၁) အဖြစ် ဩဂုတ် ၃ ရက်တွင် ပဒုမ္မာကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် မြဝတီအသင်း၊ တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ ဩဂုတ် ၄ ရက်တွင် တက္ကသိုလ်ကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် Glory Goal အသင်း၊ ပဒုမ္မာကွင်း၌ YB United အသင်းနှင့် Chinland အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြီးခဲ့သည့်ရာသီတွင် ချန်ပီယံဖြစ်ခဲ့သည့် Chinland အသင်းနှင့် ဒုတိယရခဲ့သည့် တက္ကသိုလ်အသင်းတို့ တန်းတက်ကစားခြင်းမရှိဘဲ ဆက်လက်ကစားမည်ဖြစ်သည်။ ထို့ကြောင့် ပြီးခဲ့သည့်ရာသီတွင် တတိယရခဲ့သည့် ရာမညယူနိုက်တက်အသင်းသာ MNL သို့ တန်းတက်ကစားသဖြင့် MNL မှလည်း မြဝတီတစ်သင်းတည်းသာ တန်းဆင်းလာခြင်းဖြစ်သည်။

**အလင်းအိမ်**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# ရွှေကူမြို့နယ်၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၂**

အကြမ်းဖက်အဖွဲ့များသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် ၎င်းတို့အပေါ် အကြောက်တရားများလွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် ရွှေကူမြို့အတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူထိခိုက်စေရန်ရည်ရွယ်၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ရွှေကူမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ “သိန်းကမ္ဘာ”သံတို/သံစရောင်းဝယ်ရေးဆိုင်ရှေ့သို့ ဖိုးသီးကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါပေါက်ကွဲမှုကြောင့် အမှတ် (၁) ရပ်ကွက်နေ အခြေခံပညာအလယ်တန်းကျောင်း (ခုံခမ်း)မှ ကျောင်းသားများဖြစ်သော မောင်မျိုးသော်တာအောင်(၁၂)နှစ်၊ မောင်လင်းရဝေအောင် (၈)နှစ်နှင့် အမှတ်(၁)ရပ်ကွက်နေ ဦးအောင်ကျော်ဦး (၄၉) နှစ်တို့တွင် ဖိုးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး တစ်ရပ်ကွက်တည်းနေသူများဖြစ်ကြသည့် အခြေခံပညာအလယ်တန်းကျောင်း(ခုံခမ်း)မှ ကျောင်းသားဖြစ်သူ မောင်ပိုင်ခန့်ကိုကို(၁၃)နှစ်၊ ဦးစိုးနိုင်ဦး(၄၁)နှစ်၊ ဒေါ်ခင်မာလွင် (၆၂)နှစ်၊ ဒေါ်ဝင်းသန္တာ(၂၆)နှစ်၊ မောင်ဝေယံမွန်(၁၅)နှစ်နှင့် ဒေါ်ခင်မြင့်(ခ)ခင်ဦး(၅၃)နှစ်တို့တွင် ဖိုးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာပြုလုပ်နေမှုများကြောင့် ကလေးသူငယ်များအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံး/ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြကျောင်းဆရာမတစ်ဦးသေဆုံး

**နေပြည်တော် ဩဂုတ် ၂**

PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာ ရုံး၌ာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ် လူရွယ်များအား စာပေသင်ကြား ပြသပေးလျက်ရှိသည့် ဆရာ ဆရာမများအား အကြမ်းဖက် ခြိမ်းခြောက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၁ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဆည်ရွာကျေးရွာ၌ သေနတ်ဖြင့်ပစ်ခတ်ခံရ၍ အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဇူလိုင် ၃၁ ရက် ည ၁၂ နာရီခွဲတွင် အဆိုပါကျေးရွာနေ ဆည်ရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ မူလတန်းပြကျောင်းဆရာမဖြစ်သူ ဒေါ်ဝါဝါမိုး (၄၁)နှစ်သည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်သွားခဲ့သဖြင့် ဒေါ်ဝါဝါမိုးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်အား ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြကျောင်းဆရာမတစ်ဦး သေဆုံးမှုမှတ်တမ်းဓာတ်ပုံ။



ပြစ်မှုကျူးလွန်သူများကို သက်သေခံပစ္စည်းများနှင့်အတူတွေ့ရစဉ်။

❖ *ကျောဖုံးမှ*

ပုသိမ်-မုံရွာလမ်း၊ ရေကျော် ကျေးရွာလမ်းဆုံအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြား ၂ သန်း (၎င်းဒေသ တန်ဖိုးငွေကျပ် ၃ ဘီလီယံခန့်) ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ရန်ကုန်မှ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်ဝင်းနှင့် ပူးပေါင်းပါဝင်သူ ခင်မောင်လွင်တို့အား မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက် မြို့ပတ်လမ်းရှိ နေအိမ်တွင်လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများအား နေအိမ်၌ သိမ်းဆည်းထားခဲ့ပြီး ရန်ကုန်မှ ကြံခင်းမြို့သို့ မော်တော်ယာဉ်ဖြင့် သယ်ဆောင်ခဲ့သူ မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်ရှိ ကိုကိုနိုင်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မြတ်မင်းအား CANTER BOX ယာဉ်၊ MINICAB ယာဉ် နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကြံခင်းမြို့မှ ပန်းတောင်းမြို့နယ်သို့ လီဖန်းမော်တော်ယာဉ်ဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခဲ့သူ ကြံခင်းမြို့နယ် သဲဖြူကျေးရွာနေ စိုးမင်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခဲ့သည့် LIFAN အမျိုးအစား မော်တော်ယာဉ်တစ်စီးအား ဆက်လက် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေး ပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရန်ကုန်မှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်သူ တင်အောင်မိုး၏ အစီအမံဖြင့် မင်းစည်သူနှင့် ဖိုးအေးတို့က ရန်ကုန်မြို့၌ ပန်းတောင်းမြို့နယ်နှင့် မင်းတုန်းမြို့နယ်ကြားရှိ နယ်စပ်သို့ တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်ဝင်းထံ လွှဲအပ်ခဲ့ပြီး ကျော်ကျော်ဝင်း၊ ကိုကိုနိုင်နှင့် မြတ်မင်းတို့သည် အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများအား ရန်ကုန်မြို့ရှိ ကိုကိုနိုင်၏ နေအိမ်တွင် ခေတ္တသိမ်းဆည်းထားခဲ့ပြီး ရန်ကုန်မှ ကြံခင်းမြို့သို့ မော်တော်ယာဉ်ဖြင့် သယ်ဆောင်ခဲ့ကြောင်း၊ ကြံခင်းမှပန်းတောင်းသို့ LIFAN ယာဉ်ပိုင်ရှင် စိုးမင်းနှင့် ယာဉ်မောင်း တင့်ဆွေတို့က ဆက်လက်သယ်ဆောင်ခဲ့ကြပြီး ပန်းတောင်းမြို့နယ်မှတစ်ဆင့် ရဲနိုင်နှင့် မိုးထိတို့က ရခိုင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရာသီကြိုခြေစမ်းပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း အား/ကာသိပ္ပံကို ဂိုးပြတ်အနိုင်ယူ

**ရန်ကုန် ဩဂုတ် ၂**

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် ရန်ကုန် ယူနိုက်တက်အသင်းသည် ဩဂုတ် ၂ ရက်က အား/ကာသိပ္ပံအသင်းနှင့် ခြေစမ်းကစားရာ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်ယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းသည် အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ကိုးမိနစ်တွင် ရင်တာရိုက ရန်ကုန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသည်။ ၂၅ မိနစ်တွင် သန်းတိုးအောင်က အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးပြန်သွင်းသဖြင့် ပထမပိုင်းတွင် တစ်ဂိုးစီ သရေကျနေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး မိုဂူ၊ အောင်မျိုးခန့်နှင့် အီစိုးတို့က သွင်းယူခဲ့သည်။



ရန်ကုန်ယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်း ခြေစမ်းကစားစဉ်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ရာသီကြိုခြေစမ်းပွဲများတွင် နိုင်ပွဲဆက်နေပြီး သုံးပွဲကစား သုံးပွဲစလုံး အနိုင်ရထားသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုပွဲမတိုင်မီ ကစားသည့်ပွဲများတွင် MNL-2 ကလပ် မြဝတီအသင်းကို ငါးဂိုး-တစ်ဂိုး၊ MNL-2 ကလပ် Glory Goal အသင်းကို လေးဂိုးပြတ်တို့ဖြင့် အနိုင်ရထားသည်။ **မောင်ညီ၊ဓာတ်ပုံ-YUFC**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ဂါဇာကမ်းမြောင်ဒေသ၌ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ လေကြောင်းမှချထားမှု ပူးပေါင်းဆောင်ရွက်

**ဂျေရုဆလင် ဩဂုတ် ၂**

ဂျော်ဒန်၊ အီဂျစ်၊ ဂျာမနီ၊ ယူအေအီး၊ ပြင်သစ်နှင့် စပိန်နိုင်ငံတို့အပါအဝင် နိုင်ငံအချို့သည် ဩဂုတ် ၁ ရက်က ဂါဇာကမ်းမြောင်ဒေသ၌ လေကြောင်းမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ချထားမှုကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဂါဇာကမ်းမြောင်ဒေသသို့ အကူအညီပေးရေး အထုပ်ပေါင်း ၁၂၆ ထုပ် လေကြောင်းမှ ချထားခြင်းကို ဂျာမနီ၊ စပိန်နှင့် ပြင်သစ်တို့ ပါဝင်လာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်ခြင်းဖြစ်သည်ဟု အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အစ္စရေး၊ ဂျော်ဒန်၊ အီဂျစ်နှင့် ယူအေအီးတို့၏ လေကြောင်းမှ အကူအညီပေးရေးပစ္စည်းများ ချထားပေးသည့်အစီအစဉ်တွင် နောက်ထပ်နိုင်ငံသုံးနိုင်ငံ ပူးပေါင်းပါဝင်လာသည်ဟု အစ္စရေးကာကွယ်ရေးတပ်ဖွဲ့၏ ကြေညာချက်အရ သိရသည်။

ဂါဇာကမ်းမြောင်ဒေသ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းနှင့်အတူ ဆက်လက်လုပ်ဆောင်နေသည်ဟု ကြေညာချက်တွင်ပါဝင်သည်။ တစ်ချိန်တည်းတွင် ဂျော်ဒန်တပ်မတော်သည် အစားအစာများနှင့် မွေးကင်းစကလေးများအတွက် ဖော်မြူလာနို့မှုန့်များအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို နိုင်ငံတကာမိတ်ဖက်များနှင့် ညှိနှိုင်းကာ ဂါဇာသို့ပို့ဆောင်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါပူးပေါင်းဆောင်ရွက်မှုတွင် ဂျော်ဒန်၊ ဂျာမနီ၊ ယူအေအီး၊ ပြင်သစ်နှင့် စပိန်တို့မှ လေယာဉ်များကိုအသုံးပြု၍ အရေးကြီးသည့်ထောက်ပံ့ရေးပစ္စည်း ၅၇ တန်ကို လေကြောင်းဖြင့် သယ်ဆောင်ခဲ့သည်။ လွန်ခဲ့သည့်သီတင်းပတ်မှစတင်၍ ဂါဇာဒေသသို့ လေကြောင်းမှ အကူအညီများ ချထားပေးလျက်ရှိရာ စုစုပေါင်းတန်ချိန် ၁၄၈ တန် ဂါဇာသို့ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါဝင်သည်။

ဆင်ဟွာ


လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လေကြောင်းမှ ချပေးစဉ်။

# အီသီယိုးပီးယားနိုင်ငံက တစ်ရက်အတွင်း သစ်ပင်ပျိုးပင်ပေါင်း ၇၁၄ ဒသမ ၇ သန်း စံချိန်တင်စိုက်ပျိုး

**အဒစ္စအဘာဘာ ဩဂုတ် ၂**

အီသီယိုးပီးယား နိုင်ငံတစ်ဝန်း ဇူလိုင် ၃၁ ရက်က တစ်ရက်အတွင်း သစ်ပင်ပျိုးပင်ပေါင်း ၇၁၄ ဒသမ ၇ သန်း စံချိန်တင် စိုက်ပျိုးနိုင်ခဲ့ကြောင်း အီသီယိုးပီးယားစိုက်ပျိုးမွေးမြူရေးဝန်ကြီး ဂါမာအာမန်တေက ပြောသည်။



တစ်ရက်အတွင်း ပျိုးပင်ပေါင်း သန်း ၇၀၀ ကျော် စိုက်ပျိုးပြီးစီးခြင်းမှာ အီသီယိုးပီးယား၏ အစိမ်းရောင် အမွေအနှစ်အစပျိုးမှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဂါမာအာမန်တေက ပြောသည်။ အဆိုပါ နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးရေး လှုပ်ရှားမှုတွင် အီသီယိုးပီးယားနိုင်ငံအတွင်းရှိ အလွှာပေါင်းစုံမှ ပြည်သူများနှင့် နိုင်ငံခြားသားများ ပူးပေါင်းပါဝင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

"စိုက်ပျိုးခြင်းဖြင့် အသစ်တစ်ဖန်ပြန်လည်စတင်ခြင်း" ဆိုသည့် ခေါင်းစဉ်အောက်မှ အဆိုပါလှုပ်ရှားမှုသည် ဇွန်လမှ စက်တင်ဘာလအထိ မိုးရာသီကာလအတွင်း သစ်ပင်ပေါင်း ၇ ဒသမ ၅ ဘီလီယံအထိ အုံ့အားသင့်ဖွယ် စိုက်ပျိုးရန်ရည်ရွယ်ထားသည့် အီသီယိုးပီးယားနိုင်ငံ၏ နှစ်စဉ်စီမံကိန်း တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဒဏ်ကို ခံစားနေရသည့် အီသီယိုးပီးယားနိုင်ငံသည် သဘာဝပတ်ဝန်းကျင် ပြန်လည်ထိန်းသိမ်းရေး ကြိုးပမ်းအားထုတ်မှုများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့သော အီသီယိုးပီးယား အစိမ်းရောင် အမွေအနှစ်အစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၊ ပြည်တွင်းနှင့် ဒေသတစ်ဝန်း စားရေရိက္ခာဖူလုံရေး စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ အကောက်ခွန်ဌာနက ခုနစ်လအတွင်း ကန်ဒေါ်လာ လေးဘီလီယံခန့်ရရှိ

**ကိုလံဘို ဩဂုတ် ၂**

သီရိလင်္ကာနိုင်ငံ၏ အကောက်ခွန်ဌာနသည် ယခုနှစ်ပထမခုနစ်လအတွင်း အခွန်ငွေ ရူပီး ၁ ဒသမ ၂ ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၄ ဘီလီယံခန့်) ရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂ ရက်တွင် ပြောသည်။

သီရိလင်္ကာအကောက်ခွန်ဌာန ပြောရေးဆိုခွင့်ရှိသူ ဆီဗလီအရုခ်ဂိုဒါ၏ ပြောကြားချက်အရ အကောက်ခွန်ဌာနသည် ဇူလိုင်လတွင် အမြင့်ဆုံးလစဉ်အခွန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ခန့်ရရှိခဲ့ကြောင်း၊ ယာဉ်အမျိုးမျိုး တင်သွင်းမှုအပေါ် အခွန်ကောက်ခံခြင်းမှ အဓိကရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆီဗလီအရုခ်ဂိုဒါက အကောက်ခွန်ဌာနသည် ယာဉ်အစီးရေ ၂၈၀၀၀ ကျော် တင်သွင်းမှုအပေါ် အခွန်ကောက်ခံခြင်းမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံဝန်းကျင်ရရှိခဲ့ကြောင်း ပြောသည်။ သီရိလင်္ကာအစိုးရသည် ယခုနှစ်တွင် အကောက်ခွန်ဌာနမှ အခွန်ငွေ ရူပီး ၂ ဒသမ ၁၁၅ ထရီလီယံ ရရှိရန် ရည်မှန်းထားသည်။

ဆင်ဟွာ

# ပေါ်တူဂီ၌ အပူလှိုင်းကြောင့် တစ်ပတ်အတွင်း သေဆုံးသူ ၂၆၄ ဦးရှိ

**လစ္စဘွန်း ဩဂုတ် ၂**

ပေါ်တူဂီ၌ လွန်ခဲ့သည့် တစ်ပတ်ခန့်မှစတင်ကာ အပူဒဏ်သတိပေးချက် ထုတ်ပြန်ခဲ့ပြီး ယင်းကာလအတွင်း သေဆုံးသူ ၂၆၄ ဦးရှိသည်ဟု သိရသည်။

ယခင်ခန့်မှန်းထားသည့်အရေအတွက်ထက် ၂၁ ဒသမ ၂ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်။ သေဆုံးသူအများစုမှာ အသက် ၇၅ နှစ်နှင့်အထက် ဖြစ်သည်ဟု ကျန်းမာရေးဌာန၏ ဩဂုတ် ၁ ရက် ထုတ်ပြန်ချက်အရ သိရသည်။



လာမည့်သီတင်းပတ်အတွင်း ပေါ်တူဂီ၌ အပူချိန်သိသိသာသာ တိုးလာမည်ဟု ခန့်မှန်းထားပြီး အထူးသဖြင့် သီတင်းပတ်ကုန်ရက်တွင် ဒေသအများအပြား၌ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်သို့ ရောက်ရှိနိုင်သည် သို့မဟုတ် ကျော်လွန်သွားနိုင်သည်ဟု ပင်လယ်နှင့် လေထုဆိုင်ရာ ပေါ်တူဂီအင်စတီကျူက ခန့်မှန်းထားသည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌ ရုတ်တရက်ရေကြီးမှုကြောင့် ရှစ်ဦးသေဆုံး၊ သုံးဦးပျောက်ဆုံးနေ

**ဟန္နိုင်း ဩဂုတ် ၂**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း Dien Bien ပြည်နယ်၌ မကြာသေးမီရက်များအတွင်း ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားပြီးနောက် ရှစ်ဦးသေဆုံးကာ သုံးဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဩဂုတ် ၂ ရက်တွင် ထုတ်ပြန်ထားသည်။

ဩဂုတ် ၂ ရက် နံနက် ၆ နာရီအထိ ရေကြီးနစ်မြုပ်မှုကြောင့် နေအိမ် ၆၀ ခန့် မျောပါပျက်စီးခဲ့ကြောင်း ဗီယက်နမ်ဘေးအန္တရာယ်နှင့် တာတမံစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ရေကြီးမှုကြောင့် ပျောက်ဆုံးသူများကို ရှာဖွေရန်အတွက် ရဲတပ်ဖွဲ့၊ တပ်မတော်သားများ၊ ဒေသခံပြည်သူ့စစ်များနှင့် အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များအပါအဝင် ဝန်ထမ်း ၇၀၀ ခန့်ဖြင့် ရှာဖွေလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ



# တူကီယဲနိုင်ငံတစ်ဝန်း အိုင်အက်စ်ဟုသံသယရှိသူ ၂၆ ဦးကို ဖမ်းဆီးထိန်းသိမ်း

**အန်ကာရာ ဩဂုတ် ၂**

တူကီယဲနိုင်ငံ အန်ကာရာနှင့် အစ္စတန်ဘူလ်မြို့တို့အပါအဝင် ပြည်နယ် ၁၄ ခု၌ စစ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိသူ ၂၆ ဦးအား ဖမ်းဆီးထိန်းသိမ်းထားကြောင်း နိုင်ငံ၏ ပြည်ထဲရေးဝန်ကြီး အလီယာလီခါရာက ဩဂုတ် ၂ ရက်တွင် ပြောသည်။

ဖမ်းဆီးခံရသူများမှာ လူမှုကွန်ရက်မီဒီယာပလက်ဖောင်းများမှတစ်ဆင့် အကြမ်းဖက်မှုဆိုင်ရာဝါဒဖြန့်ခြင်းနှင့် အိုင်အက်စ်နှင့်ဆက်နွှယ်သော အကူအညီပေးရေးအဖွဲ့အစည်းများကို ငွေကြေးပံ့ပိုးမှုဖြင့် သံသယရှိသူများဖြစ်ကြောင်း ယာလီခါရာက လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် ပြောကြားသည်။

တူကီယဲသည် ၂၀၁၃ ခုနှစ်က အိုင်အက်စ်ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့သည်။

ဆင်ဟွာ

## အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ (၂၁) ဌာန ဒေသစာရီကြွချီ လှည့်လည်ပူဇော်ခံမည်

ညောင်ရွှေ ဩဂုတ် ၂

၁၃၈၇ ခုနှစ် သီတင်းကျွတ်လ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ အင်းလေးကန်ဝဲယာ (၂၁) ဌာနသို့ ဒေသစာရီကြွချီ လှည့်လည်ပူဇော်ခံရေး ကြိုတင်ညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရတနာစံကျောင်းတော်ကြီး၌ ပြုလုပ်သည်။

ဦးစွာ ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်ပြီး ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က ယခုနှစ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ အင်းလေးကန်ဝဲယာ (၂၁) ဌာနသို့ ဒေသ



စာရီကြွချီ ပူဇော်ခံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားတင်ပြသည်။

ထို့နောက် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ မိုင်းသောက် ပထမစာသင်တိုက်ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသနှင့် ဆရာတော်သံဃာတော်များက ဩဝါဒကထာများ မြွက်ကြားကြသည်။

ယင်းနောက်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က ဖြည့်စွက်ဆွေးနွေးတင်ပြ လျှောက်ထားကြပြီး အစည်းအဝေး တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။ **စိုင်းအယ်ဘဲ**

## တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းလက်ရွေးပြိုင်ပွဲတွင် ကျိုင်းတုံတပ်နယ်အသင်းက ဒိုင်းဆုရရှိ

နေပြည်တော် ဩဂုတ် ၂

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းလက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုရရှိကြသူများ၊ ဝိတ်တန်းလိုက်ဆုရရှိကြသူများ၊ ဒိုင်းဆုရရှိသော ကျိုင်းတုံတပ်နယ်အသင်းနှင့် ဒိုင်အဖွဲ့ဝင်များအား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ရွေးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မိုင်းဆတ်မြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အိမ်တိုင်ရာရောက် UID ကတ်ပြုလုပ်ပေး



မိုင်းဆတ် ဩဂုတ် ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းဆတ်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric Data ကောက်ယူ၍ One stop Service ဖြင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၃ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ မယ်ဆွမ်မြောက်ရပ်ကွက်၊ ဝမ်ဟုန်းကွက်သစ်မှ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ဇူလိုင် ၃၁ ရက်က လက်ထောက်မြို့နယ်ဦးစီးမှူး လဝကမှူး ဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများက အိမ်တိုင်ရာရောက် ကွင်းဆင်း၍ UID ကတ်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

တာချီလိတ် ဩဂုတ် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး ဇူလိုင် ၂၈ ရက်မှစ၍ စိုးရိမ်ရေမှတ်အထက် ခြောက်ပေကျော်ခန့် ကျော်လွန်ကာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ရပ်ကွက်နှင့်ကျေးရွာရေဘေးသင့်ပြည်သူများ၏ ပျောက်ဆုံး၊ပျက်စီးသွားသော အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပုန်းထွန်ရပ်ကွက် ရှမ်းဘုန်းတော်ကြီးကျောင်း၌ ခိုလှုံရောက်ရှိနေသော ရေဘေးသင့်ပြည်သူများ၏ ပျောက်ဆုံးအိမ်ထောင်စုလူဦးရေစာရင်း ၁၂ ခု၊ နိုင်ငံသားစိစစ်ရေးကတ် ၄၅ ခုနှင့် UID ကတ် ၄၅ ကတ်တို့ကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့သည်။

**သန်းဇော်(ပြန်/ဆက်)**



## စစ်တောင်း၊ ရွှေကျင်၊ သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ဩဂုတ်လ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံး အပူချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နေ့မှစ၍ လွန်ခဲ့သည့်နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် | |
| ၁ | မြိတ် | ၁-၈-၂၀၂၅ | ၃၅.၂ | ၉၅.၄ | ၁၈-၈-၂၀၂၀ | ၃၅.၀ | ၉၅.၀ | ၇၈ |

## ဒေသခံတောင်သူများအား အသင့်သုံး EM ဖျော်ရည်နှင့် မျိုးစေ့ချကိရိယာများ ပေးအပ်



**လယ်ဝေး ဩဂုတ် ၂**

လယ်ဝေးမြို့နယ် ရာဇသင်္ဂဟ လမ်းမကြီးဘေးရှိ ခရမ်းကိုင်းအုပ်စု အဆင့်မြင့်လယ်ယာမြေ ဧက ၂၀၀ ရှင်းလင်းဆောင်၌ ဇူလိုင် ၃၀ ရက်က ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏ ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မြေယာပြုပြင်ခြင်းသည် အလွန်အရေးပါကြောင်း၊ သီးနှံတစ်မျိုးစိုက်ပျိုးပြီးလျှင် မြေကောင်းစွာ ပြုပြင်ပြီး အသုံးပြုခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ရာသီပြည့်သီးနှံ စိုက်ပျိုးလျက်ရှိသည့် အချိန်တွင် နောက်သီးနှံစိုက်ပျိုးရန်အတွက် ရိုးပြတ်များ အမြန်ဆွေးမြည့်ပြီး ရာသီပြည့်မီစွာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား အသင့်သုံး EM ဖျော်ရည်နှင့် မျိုးစေ့ချကိရိယာများ ပေးအပ်ကာ ခရမ်းကိုင်းအုပ်စု အဆင့်မြင့်လယ်ယာမြေ ဧက ၂၀၀ တွင် ရာသီပြည့် စိုက်ပျိုးလျက်ရှိသည့် ကွင်းအမှတ် ၁၈၂၆၊ တောင်သူဒေါ်သင်းသင်းခိုင်နှင့် တောင်သူငါးဦးတို့၏ အောင်နိုင်တိုးစပါးမျိုး နွေစပါး အထွက်တိုးစံပြကွက် ရိတ်သိမ်းခြွေလှေ့ပြီး ကျန်ရှိသည့်ရိုးပြတ်များ အမြန်ဆွေးမြည့်စေရန်အတွက် EM ဖျော်ရည်၊ ဖွဲနုနှင့် ယူရီးယား ပက်ဖျန်းနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**



## မိုးရာသီ ဖူဆယ်ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**မအူပင် ဩဂုတ် ၂**

မအူပင်မြို့၌ Polytechnic University (Maubin), Faculty of Computing ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မိုးရာသီ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မအူပင်မြို့ရှိ ဖူဆယ်ဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် Polytechnic University (Maubin), Faculty of Computing ကျောင်းသူလေးများက ပြည်ထောင်စုအင်အားသီချင်းဖြင့် တေးသရုပ်ဖော် ကပြဖျော်ဖြေခဲ့ပြီး ပထမဆုရရှိသည့် တတိယနှစ်အသင်း၊ ဒုတိယဆုရရှိသည့် ပထမနှစ် Team 1 အသင်း၊ အကောင်းဆုံးဘောလုံးသမားဆု၊ အကောင်းဆုံးဂိုးသမားဆုနှင့် အသန့်ရှင်းဆုံးဘောလုံးအသင်းဆုများအား ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဘေးသရုပ်ပြလေ့ကျင့်



**စစ်ကိုင်း ဩဂုတ် ၂**

စစ်ကိုင်းခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ငလျင်ဘေးသရုပ်ပြလေ့ကျင့်ခြင်း လက်တွေ့သရုပ်ပြသပွဲအခမ်းအနားကို ယမန်နေ့က စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ဟန်နှင့်မီးသတ်တပ်ဖွဲ့ဝင်များက ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများနှင့် ပူးပေါင်း၍ ငလျင်လှုပ်ခတ်မှုဖြစ်စဉ် သရုပ်ပြသပြီး HNE မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ Slide ဆင်းပြီး အထပ်မြင့်တွင် ပိတ်မိနေသောလူနာအား ကယ်ဆယ်ခြင်း၊ Tripot စနစ်ဖြင့် လူနာကယ်ဆယ်ခြင်း၊ အဆောက်အအုံတွင် ပိတ်မိနေသော လူနာအား ထွင်းဖောက်ဝင်ရောက်ခြင်း နည်းစနစ်ဖြင့် ကယ်ဆယ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသကြသည်။ **နေလင်းအောင်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးများ ပုံမှန်ကာကွယ်ဆေးထိုးနှံ

**ပေါင် ဩဂုတ် ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့ နံနက်ပိုင်းမှစတင်ကာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက ပေါင်မြို့ပေါ် ရပ်ကွက်(၄)ရပ်ကွက်အတွင်းရှိ မွေးကင်းစ အသက် နှစ်လမှ နှစ်နှစ်အောက် ကလေးငယ်များအား ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန် ဝမ်းပျက် ဝမ်းလျှောဖြစ်စေတတ်သော (Rota) ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာ ကာကွယ်ဆေး ထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ အသိပညာပေးဟောပြောပွဲနှင့် စွမ်းအားမြင့်အောဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေ

**ကျောက်ဆည် ဩဂုတ် ၂**

ကျောက်ဆည်မြို့နယ် အရှေ့ရွာနန်းကျေးရွာ၌ ယမန်နေ့က အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ပြီး စွမ်းအားမြင့် အောဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဘိုက စွမ်းအားမြင့်မီးဖိုသည် ထင်းအစားလောင်စာတောင့် ၁၇၅၀ သုံးစွဲခြင်းဖြင့် တစ်နှစ်ပတ်လုံးသုံးစွဲမည့် ထင်းတစ်တန် လျှော့နည်းသက်သာစေပြီး သစ်တောသစ်ပင် ပြုန်းတီးမှုမှ ကာကွယ်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ဟောပြောကာ စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

**သက်မောင် (ကျောက်ဆည်)**



## မောက်မယ်မြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**မောက်မယ် ဩဂုတ် ၂**

မောက်မယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြို့နယ်အတွင်း Book Club အသင်းနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်းပြီး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က စာဖတ်ဝိုင်းကျင်းပရာ ဇာတ်လမ်းနှင့် သရုပ်ဖော် နေခြည်ရေးသားသော **“ငြိမ်းချမ်းခြင်းဂေဟာ”** စာအုပ်တွင် ပါဝင်သည့် အကြောင်းအရာများကို အပြန်အလှန် ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

## ကျွန်းလှမြို့နယ်၌ ယခုနှစ် ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၅၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဩဂုတ် ၂**

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၅၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း ယနေ့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ ဒီနှစ် မိုးရာသီမှာ ဟင်းသီးဟင်းရွက် သီးနှံစုံစိုက်ပျိုးဖို့ ၅၁၂ ဧကလျာထားပြီး လက်ရှိအချိန်ထိ ၅၁၇ ဧက (၁၀၀ ဒသမ ၉၈) ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ပါတယ်။ တောင်သူတွေ စိုက်ပျိုးရာမှာ GAP နည်းစနစ်နဲ့ စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းအသိပညာပေးလျက်ရှိပါတယ်” ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံအဖြစ် ခဝဲ၊ ဘူး၊ ဖရုံ၊ သခွား၊ ပြောင်းချို၊ ခရမ်း၊ ရုံးပတီ၊ ကန်စွန်း၊ ငရုတ်စသည့် သီးနှံများစိုက်ပျိုးကြကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## နတ်တလင်းမြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်

**နတ်တလင်း ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ ရန်ကုန်-ပြည်လမ်း အထက်တန်းကျောင်းရှေ့၌ ယနေ့နံနက်ပိုင်းက ခရီးသွားပြည်သူများ၊ ယာဉ်အသီးသီးဖြင့် သွားလာသူများအား ယာဉ်မတော်တဆမှု၊ ယာဉ်အန္တရာယ်ကင်းရှင်းမှု ရှိစေရန် ရဲမှူး ဌေးအောင်နှင့် တာဝန်ရှိအဖွဲ့များက သတိပေး လက်ကမ်းပိုစတာများ ဖြန့်ဝေပေးခြင်း၊ ခရီးသွားပြည်သူများအား အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

### တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီဩဇာ ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# လယ်ဝေးမြို့နယ်၌ သစ်ကြိမ်းတံတား ရေတိုက်စားပျက်စီးမှု ကွင်းဆင်းစစ်ဆေး

**လယ်ဝေး ဩဂုတ် ၂**

နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် လယ်ဝေးခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇင်မင်းကို၊ အဖွဲ့ဝင်ဒုတိယ ဗိုလ်မှူးကြီး နီဦးခဲ၊ လယ်ဝေး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ လမ်းကြီးကြပ်ရေး ဦးစီးဌာန ကျေးလက်လမ်းနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၉ ရက်က လယ်ဝေးမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်ကြိမ်းကျေးရွာ အနီး ပေ ၆၀၀ ကျော် အရှည်ရှိ မဲဟော်ချောင်းကူး၊ သစ်ကြိမ်းတံတား၏ တံတားအလယ်တိုင် ရေတိုက်စားခြင်းကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို ကွင်းဆင်း စစ်ဆေးသည်။



ထိုသို့စစ်ဆေးရာ နေပြည်တော် ကောင်စီဝင်များက ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး၊ ကုန်စည်စီးဆင်းမှု ချောမွေ့စေရေး၊ ဒေသခံများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးတို့အတွက် သက်ဆိုင်ရာဌာနများက အမြန်ဆုံး ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အောင်လံမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်

**အောင်လံ ဩဂုတ် ၂**

အောင်လံမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်လံမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေး/ကော် အဖွဲ့ဝင် ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဒေါ်မွန်မွန်အုန်းက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ခရိုင်ရွေးကောက်ပွဲ အရာရှိ ဒေါ်နေဝါလှိုင်က မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၅၇၀ အား တစ်ရက်လျှင် သင်တန်းသား ၇၀ ဖြင့် ဩဂုတ် ၂ ရက်မှ ၁၁ ရက်အထိ



နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ၁၀ ရက်တာ ကာလ စာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# မိုးညှင်းမြို့၌ လျှပ်စစ်ဘေးအန္တရာယ်သရုပ်ပြလေ့ကျင့်




**မိုးညှင်း ဩဂုတ် ၂**

မိုးညှင်းမြို့၌ လျှပ်စစ်ဘေးအန္တရာယ်နှင့် ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့နံနက်က ခရိုင်မီးသတ်ဦးစီးမှူး ရုံးအရှေ့၌ ကျင်းပသည်။

သဘာဝဘေး လျှပ်ကြောင့် အဆောက်အအုံ အတွင်းနှင့် အထပ်မြင့်တိုက်များတွင် ပိတ်မိနေသည့် လူနာများအား ရှာဖွေကယ်ထုတ်နိုင်ရေး လုပ်ငန်းများနှင့် လူနာတင်ယာဉ်ဖြင့် သယ်ဆောင်ခြင်းလုပ်ငန်းများ ဖြစ်သည့် သဏ္ဍာန်တူ သရုပ်ပြသခြင်းများကို ဆောင်ရွက်ရာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ခေတ်မီ ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်း အမျိုးအစား ၄၀ ကျော်ကို မီးသတ်ခရိုင်ဦးစီးမှူးက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**




# ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ဒုတိယအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်တွင် ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်၍ ပါမောက္ခချုပ်ဆရာတော်၊ ပါမောက္ခများ၊ ကထိကများအား ခန်းမအတွင်း ပင့်ဆောင်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဇောတိက ဩဝါဒကထာမိန့်ကြားပြီး ပါမောက္ခ ဒေါက်တာ ဆန်းမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် မော်ကွန်းထိန်း ဆရာတော်မှ ဘွဲ့ခံပုဂ္ဂိုလ်များ တစ်ဦးချင်းခေါ်ယူ၍ ပါမောက္ခချုပ် ဆရာတော်မှ သံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၈၀ အား ဘွဲ့များ အပ်နှင်းချီးမြှင့်ခဲ့သည်။

အဆိုပါ တက္ကသိုလ်တွင် MA (Buddhism)၊ Diploma in Communication and Research Skills၊ Diploma in English Language Proficiency (1/ 2023)၊ (2/2023)၊ ဘွဲ့များ ချီးမြှင့်ပေးခဲ့ပြီး PhD၊ PhD (Prelim)၊ MA/ MPhil (first year)၊ MA/ MPhil (second year)၊ MA (Prelim) ဘွဲ့များလည်း ချီးမြှင့်ပေးလျက်ရှိသည်။ ဆက်လက်၍ ဗီယက်နမ်နိုင်ငံမှ Dr. Nguyen Hong Thai အား အဆိုပါတက္ကသိုလ်၏ ဂုဏ်ထူးဆောင် ပါမောက္ခအဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စေတုတ္တရာမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်

**စေတုတ္တရာ ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှပြုလုပ်သော မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် စေတုတ္တရာမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဟိန်းထက်အောင်က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၂၇ ဦးအား သင်တန်းနည်းပြများက လေးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကိုကို(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဩဂုတ် ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၇၂ လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၅၁၇၇၉၃၂)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်မီးသွေး ၂၈ ဒသမ ၈၀၀ တန်၊ အခြားသစ် ၁ ဒသမ ၅၂၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၁၈၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၀ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၄၃ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၇၅၄၄၉၁၁၆) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ဥတ္တရသီရိမြို့နယ်၌ နှစ်လုံးထီလောင်းကစားသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူ



**နေပြည်တော် ဩဂုတ် ၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ယမန်နေ့က နှစ်လုံးထီလောင်းကစားပြုလုပ်သူအမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဥတ္တရသီရိမြို့နယ် ကျွဲရှင်းကျေးရွာနေ မဌေးဌေးမြင့် (၄၂)နှစ်၏ နေအိမ်၌ နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဥတ္တရသီရိခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မဌေးဌေးမြင့်အား ၎င်း၏နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဌေးဌေးမြင့်အား တောင်ညိုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ရဲပြန်ကြား

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဩဂုတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၌ ယမန်နေ့က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးပြီး အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁ ရက် နံနက် ၇ နာရီခွဲတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၂၉) ရပ်ကွက် မောင်းမကန်လမ်းနှင့် ပင်လုံလမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၃၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မောင်းမကန်လမ်းအတိုင်း တောင်မှမြောက်သို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၄)ရပ်ကွက်နေ စိုးမင်းထိုက်(၄၉)နှစ် မောင်းနှင်ပြီး (၁၄)ရပ်ကွက်နေ ဒေါ်ဇင်မာ (၃၃)နှစ် လိုက်ပါလာသည့် ဘေးတွဲဆိုင်ကယ်သည် ပင်လုံလမ်းအရောက်၌ ချိုးကွေ့စဉ် အရှိန်မထိန်းနိုင်ဘဲ ပင်လုံလမ်းအတိုင်း အနောက်မှအရှေ့သို့ ရန်ကင်းမြို့နယ် နှင်းဆီလမ်း ကံဘဲ့စည်ပင် အိမ်ရာဝင်းနေ ဦးသန်းလှိုင်ဌေး (၅၃) နှစ် မောင်းနှင်လာသည့် YGN-20 9Q/XXXX Nissan Juke ယာဉ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် စိုးမင်းထိုက်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဒေါ်ဇင်မာတွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် စိုးမင်းထိုက်အား ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။



ရဲပြန်ကြား

## မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၂**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ ယမန်နေ့က လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁ ရက်က ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ အနိုင်းပွန်းကျေးရွာနေ တင်မိုး(၄၉)နှစ်အားလည်းကောင်း၊ သထုံမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ အောက်ကျင်းရပ်ကွက်နေ အေးထွန်း(ခ)ရင်နေ့(၄၅)နှစ်၊ ကင်မွန်းချုံကျေးရွာနေ ဇော်မင်းအောင်(၃၈)နှစ်၊ အလံတစ်ရာကျေးရွာနေ ပြည်အောင်(၅၈)နှစ်နှင့် ကျောက်တန်းကျေးရွာနေ နိုင်သော်ဇင်(ခ)နိုင်နိုင်(၂၅)နှစ်တို့အားလည်းကောင်း၊ ပေါင်မြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ဇင်းကျိုက်မြို့ ပန်းကုန်းကျေးရွာနေသူများဖြစ်သည့် စိုးမင်း(၅၆)နှစ်နှင့် မြတ်လင်းကို(၂၀)နှစ်တို့အား လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် တင်မိုးပါ ခုနစ်ဦးအား သက်ဆိုင်ရာရဲစခန်းများ၌ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် အသီးသီး အမှုဖွင့်အရေးယူထားသည်။

ရဲပြန်ကြား

## မုဒုံမြို့နယ်၌ ဖဲရိုက်လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၂**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ယမန်နေ့က ဖဲရိုက်လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁ ရက် ညနေ ၃ နာရီခွဲတွင် မုဒုံမြို့နယ် စိန်တောင်ရပ်ကွက် ဘောလုံးကွင်းလမ်းမပေါ်၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ကမာဝက် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက်နေသူများ ဖြစ်ကြသည့် ဒေါ်မယဉ်(၄၆)နှစ်၊ မအေးချမ်း(၃၅)နှစ်၊ ဒေါ်လှသိန်း(၆၇)နှစ်နှင့် ခိုင်စိုးဦး (ခ) အပစ် (၂၈) နှစ်တို့ လေးဦးအား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မယဉ်ပါ လေးဦးအား ကမာဝက် နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားသည်။



ရဲပြန်ကြား

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်နိုင်

**နေပြည်တော် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဩဂုတ် ၂** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းသစ်၊ တိုက်အမှတ်(၄၅-စီ)၊ (၅)လွှာ၊ အကျယ်အဝန်း (၁၅ ပေx ၅၀ ပေ)ရှိ ရေမီးစုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်၍ လက်ရောက်ရယူထားသော ဦးဌေးအောင် ၁၂/ဗဟန(နိုင်)၀၇၉၃၈၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးသင်း ၁၄/ညတန(နိုင်)၁၀၄၄၄၃ က ဝယ်ယူရန် ရောင်းဖိုးစရန်ငွေ အချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝတ်မှုန်ဖူး (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်- ၅၅၃၂၂)**
**အမှတ်(၈၀)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၄၄၃၀၀၆၄၂၈**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 44(T)/DPTSC(PTP)/2025-2026 | ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်။ |
| ခ | 45(T)/DPTSC(PTP)/2025-2026 | ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနရှိ စီမံကိန်းရုံးများ၊ စီမံကိန်း မန်နေဂျာရုံးများ၏ စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဒီဇယ်ဆီ(ပရီမီယမ်)(၂၄,၅၀၀)ဂါလန် ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁၅-၈-၂၀၂၅) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web - Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၀ / ၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ ထုတ်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-165(25-26) | Electrical Materials for HDD Rig (15) Items | Ks |
| (၂) | DMP/L-166(25-26) | 4" Gate Valve (2) Nos | |
| (၃) | DMP/L-167(25-26) | Metering & Power Backup System for Biscuit Factory (Hmawbi)(Turnkey) (1)Lot | Ks |
| (၄) | DMP/L-168(25-26) | 4" Steel Line Pipe and Accessories for Biscuit Factory (Hmawbi) (1)Lot | Ks |
| (၅) | DMP/L-004(25-26)CAP (Second Retender) | Oil Fluoroscope & Stepdown Transformer (3) Nos | Ks |
| (၆) | DMP/L-027(25-26)CAP (Retender) | CNG Compressor Driven Electronic Generator Complete Set (1) Set | Ks |
| (၇) | DMP/L-028(25-26)CAP (Retender) | 400 KW~Above Gas Engine Generator Complete Set (1) Set | Ks |
| (၈) | DMP/L-046(25-26)CAP (Third Retender) | ICDD PDF-2 Software (1) No | Ks |
| (၉) | DMP/L-048(25-26) (Second Retender) | Accessories for GM Engine (3) Groups | Ks |
| (၁၀) | DMP/L-081(25-26)CAP (Second Retender) | Spares for XJ 700 Z Well Servicing Truck (60) Items | Ks |
| (၁၁) | DMP/L-083(25-26)CAP (Retender) | Spares Parts for Caterpillar G-3508 & G-3412 Gas Engine Generator (2) Groups | Ks |
| (၁၂) | DMP/L-085(25-26)CAP (Second Retender) | Welding Electrode (5) Tons | Ks |
| (၁၃) | DMP/L-088(25-26)CAP (Second Retender) | 100 Pair Telephone Cable (2) Reels | Ks |
| (၁၄) | DMP/L-094(25-26) (Retender) | 2 3/8" & 2 7/8" Drill Pipe Elevator (2) Groups | Ks |
| (၁၅) | DMP/L-129(25-26) (Second Retender) | Pipe Fitting and Accessories (17) Items | Ks |
| (၁၆) | DMP/L-156(25-26)CAP (Retender) | Office Furniture (8) Items and Office Equipment (5) Items | Ks |
| (၁၇) | DMP/L-157(25-26)CAP (Retender) | Data Archiving System (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၄-၈-၂၀၂၅** ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၁၈-၈-၂၀၂၅ ရက်နေ့ (၁၃:၀၀)**နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း၊၀၉၂၅၄၀၇၈၀၇၈/၀၉၄၄၈၅၃၉၄၀၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၉၃၁၆၉ Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နွဲ့ ၉/မရတ(နိုင်)၀၂၈၅၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/18772 Canda 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးချမ်းသူ ၅/ဝလန(နိုင်) ၁၇၃၂၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 47W/25514, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်ဦး ၁၄/ဟသတ(နိုင်)၀၄၅၇၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် (ဒ-၁)၊ ဦးပိုင်အမှတ်(၆၃)၊ ၆၅(B)လမ်း၊ ၃၇x၃၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စိုးစိုးနု၊ ဦးကြည်ဝင်းမြင့်၊ ဦးနေဝင်းကျော်တို့၏ (SP ရရှိသူ ဦးအောင်မြင့်ကျော်) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၁၃၇၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စောနွယ် ၅/ဟမလ(နိုင်)၁၇၂၆၃၁က အမှတ်တွဲအမှတ်(၁၆၆၅/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/35753 Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးထက် ၉/ပသက(နိုင်) ၁၂၈၉၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/13363 Canda 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသင်း ၅/ထခန(နိုင်)၀၈၇၅၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/82410 Kamax 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှမြင့် ၉/မနမ(နိုင်) ၀၄၅၅၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၉၉၁၃၈ Yamaha Fino 115 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုယဉ် ၉/မဟမ(နိုင်) ၀၅၆၂၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/94610 Yinxing 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ညီညီလတ် ၉/ပသက(နိုင်)၁၀၄၉၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/37419 Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကို ၉/မဟမ(နိုင်)၀၅၀၄၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/55750 Kenbo 125(Auto), M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသင်း ၅/ကဘလ(နိုင်)၁၆၅၅၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/12171 Yunde 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ထွေး ၉/ခအဇ(နိုင်) ၀၂၀၃၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၈၅၈၇၂ Zeniz ADX5 CZZ-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်နိုးနိုင် ၉/ပသက(နိုင်)၁၇၈၀၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/17630 Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဗိုလ်ဝင်း ၉/ပသက(နိုင်) ၀၇၆၀၀၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**မူဆယ်ခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှု အမှတ် – ၁၄**

ဒေါ်ရွှေရည်ဝင်း နှင့် ဒေါ်မျိုးပပ
(တရားလို) (တရားပြိုင်)

မူဆယ်မြို့၊ ဈေးရပ်ကွက်၊ ၈ – ၁၁ ရပ်နေဒေါ်မျိုးပပ(ဘ)ဦးလီရှေ့ရှုံး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်ရွှေရည်ဝင်းက "ပဋိညာဉ်အတိုင်း မြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ရက်၊ (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၇ ရက်)မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက် ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇေယျာဦး)**
**ဒုတိယခရိုင်တရားသူကြီး**
**မူဆယ်ခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

သိန္နီမြို့၊ ဟွေတောင်ကျေးရွာအုပ်စု၊ နမ့်ခိုက် ဈေးကျေးရွာနေ ဦးဖန်ယူရန်(ဘ)ဦးဖန်ကျာမင့် ၁/မညန(နိုင်)၀၇၃၀၉၀ ၏ပတ်စ်ပို့နံပါတ် (MC–001458)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၇၉၂၈၄၆၆၆၆**

## ဖခင်အမည်မှန်

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အထက (၁၄)၊ Grade–12၊ အခန်း (C)မှ မောင်ဝေယံထက်နှင့် Grade–5၊ အခန်း (C)မှ မောင်ထက်စွမ်းဟိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းလတ် ၇/နတလ(နိုင်)၁၀၂၉၁၉ ဖြစ်ပါကြောင်း။

**ဦးမင်းမင်းလတ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်၁၇–စ/ကျီတော်ကုန်း၊ ဦးပိုင်အမှတ် ၁၈၂၊ မြေကွက်အမှတ် ၁၈၂၊ မြေဧရိယာ ၀.၅၉၉ ဧကရှိမြေကွက်သည် ဦးလှရွှေအမည်ဖြင့် ၂၉–၆–၁၉၉၅ ရက်မှ ၂၈–၆–၂၀၂၅ရက်အထိ (၃၀) နှစ် မြေငှားဂရန်ရရှိထားသောမြေကွက်ဖြစ်ပါသည်။ ၂၈–၁–၂၀၂၂ရက်မှစ၍ ဦးလှရွှေအမည်မှ ဦးမျိုးသန့်နှင့်ဦးဇော်မင်းအမည်သို့ အမည်ပြောင်းမြေငှားဂရန်ထုတ်ပေးထားပါသည်။ အဆိုပါမြေဧရိယာ ၀.၅၉၉ဧကအတွင်းမှ ဦးပိုင်အမှတ် ၁၈၂/ဃ၊ မြေကွက်အမှတ် ၁၈၂/၂၂၉၊ ဧရိယာ ၀.၀၇၁ ဧကရှိမြေကွက်အား ၁၅–၇–၂၀၂၅ ရက်တွင် ဦးမျိုးသန့် နှင့်ဦးဇော်မင်းတို့၏အထွေထွေကိုယ်စားလှယ်လွှဲအပ်စာရရှိသူ ဦးကျော်ဇင်ဦးထံမှ ဦးနန်းတင်၊ ၉/သစန(နိုင်)၁၀၀၁၁၀ က တရားဝင်မှတ်ပုံတင် စာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ ဦးနန်းတင်မှ မြေငှားဂရန် ဦးပိုင်ခွဲအမည်ပြောင်းသက်တမ်းတိုး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/83113, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးသီရိအောင် ၁၄/ဟသတ(နိုင်)၂၈၆၇၃၉ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၃၄၉၅၀, LUOJIA–110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးနိုင်က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၅၂၁၀၈, Honda Wave– 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဦးက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၆၆၀၂၅, Honda Wave– 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်းက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ –၂၀ )**
**အိမ်မဲမြို့နယ်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၄၈**

မနှင်းနှင်းအေး နှင့် မောင်ဖြိုးဝေအောင်
တရားလို တရားပြိုင်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ကွယ်လွယ်ကျေးရွာအုပ်စု၊ ကွယ်လွယ်ကျေးရွာ၊ မြပဟေမာရပ်ကွက်၊ (၂)လမ်းနေ တရားပြိုင် မောင်ဖြိုးဝေအောင် (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မနှင်းနှင်းအေးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ(၂၀)ရက် (၁၃၈၇ခုနှစ်၊ ဝါခေါင်လဆုတ် ၁၂ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာအထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၃၀)ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆုထူးပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**အိမ်မဲမြို့နယ်တရားရုံး**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရှမ်းပြည်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့ ၅/၄၆၄၊ ပြည်ထောင်စုလမ်း၊ အမှတ်(၅)ရပ်ကွက်၊ နမ့်စန်မြို့၊ အမှတ်(၅)ရပ်ကွက်တွင်နေထိုင်သူများဖြစ်သည့် နမ့်လတ်ကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်သူ ဦးလုံးဆု၊ မန်နေဂျင်းဒါရိုက်တာ ဦးမိုးဇော်ဦးတို့ သိရှိခြင်းမရှိပဲကုမ္ပဏီစာရင်းတွင်မပါရှိသည့် ဦးမျိုးသိန်းစံ ၂/လကန(နိုင်)၁၄၃၂၀၂၊ ဦးဖြိုးအောင်ဇင် ၁၃/တကန(နိုင်)၀၈၈၄၂၂၊ ဦးပြည့်စုံ ၁၃/တကန(နိုင်)၂၈၁၆၄၂၊ ဦးပြည်သိန်း ၁၂/ဒဂန(နိုင်)၀၀၂၁၉၂ များ ပါဝင်နေကြောင်း DIRECTORATE OF INVESTMENT AND COMPANY ADMINISTRATION (DICA) မှတစ်ဆင့် စုံစမ်းသိရှိခဲ့ရမှုနှင့်ပတ်သက်ပြီး ကုမ္ပဏီအနေနှင့် သိရှိခြင်းမရှိရသည့်အပြင် လူကြီးမင်းတို့ နမ့်လတ်ကုမ္ပဏီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ကြောင်းလည်း မည်သည့်အစည်းအဝေးမှတ်တမ်းတွင် မျှ ပါဝင်ခဲ့ခြင်းမရှိခဲ့ပါ။ ယနေ့အချိန်အထိလူကြီးမင်းတို့အမည်များနှင့်ပတ်သက်ပြီး နမ့်လတ်ကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်သူဦးလုံးဆု မန်နေဂျင်းဒါရိုက်တာ ဦးမိုးဇော်ဦးတို့ သိရှိခြင်းမရှိသည့်အတွက် လူကြီးမင်းတို့အား ကုမ္ပဏီနှင့် မသက်ဆိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးလုံးဆု၊ ဦးမိုးဇော်ဦး**
**09–695877138၊ 09–777643687**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၆၉)၊ မရမ်းချိုကုန်းအကွက်၊ ဦးပိုင်အမှတ်(၈၃–ဈ)၊ ဧရိယာ (၀.၀၉၁)ဧကအတွင်းမှ ဧရိယာ(၀.၀၅၈)ဧကရှိ ဦးအောင်နိုင်အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ခဝဲခြံနေ ဦးဇော်လင်းအောင်၊ ဒေါ်မြတ်မြတ်သက်တို့မှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၁–ခ)၊ အိုးဘိုတန်းအကွက်၊ ဦးပိုင်အမှတ်(၃၂–ခ)၊ ဧရိယာ(၀.၁၇၇)ဧကအတွင်းမှ ဧရိယာ(၀.၀၅၉)ဧကရှိ ဦးမောင်မိုန်၊ ဒေါ်စိန်လှတို့၏အမည်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ (၀.၅၅၆) ဧကအတွင်းမှ ဧရိယာ(၀.၁၁၈)ဧကရှိ ဒေါ်စောရင် အမည်ဖြင့်လည်းကောင်း မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အိုးဘိုတန်းလမ်း၊ အမှတ်(၄၁–ခ)နေ ဒေါ်ခင်စန်းမှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုး အကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ရှမ်းကြေးရပ်ကွက်၊ ကြေးနန်းတန်းလမ်းသွယ်(၂)နေ ဒေါ်ခင်ချိုဝင်း ၇/ရကန(နိုင်)၀၁၂၀၅၉ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ချိုဝင်း၏ သားဖြစ်သူ မောင်ငြိမ်းဖြိုးဝေ ၇/ရကန(နိုင်)၀၄၉၄၉၁သည်မိခင်ဖြစ်သူနှင့် အတူနေစဉ် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုနာခံမှုမရှိသည့်အပြင် မိခင်ဖြစ်သူကိုအကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင်လည်း ၎င်းနှင့်ပတ်သက်သော လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များအပါအဝင် ကိစ္စရပ်အဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ချိုဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသိန်းဇော်ထက်(စဉ် – ၁၃၁၆၈/၂၀၁၇ )**
**တရားလွှတ်တော်ရှေ့နေ ၊ ဖုန်း–၀၉–၇၉၆၇၉၄၁၄၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေ အမိန့် –၅၊ နည်းဥပဒေ– ၂၀ )**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် –၁၉၉**

ဒေါ်အေးစု နှင့် ဒေါ်ခင်သန်းနွဲ့
(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးစန်းအောင်)
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(၅၅–၉/၆၁)၊ (ဂ)ရပ်ကွက်နေ ဒေါ်ခင်သန်းနွဲ့(၎င်း၏အထူးကိုယ်စားလှယ်စာရသူဦးစန်းအောင်)( ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်ခင်သန်းနွဲ့ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးစန်းအောင်) သင့်အပေါ်၌ တရားလို ဒေါ်အေးစုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ–၁၈)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ(၀.၀၅၅၁) ဧကအကျယ်အဝန်းရှိ ဒေါ်ခင်သန်းနွဲ့အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၄ ရက်) မွန်းမတည့် ၁၀နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာခြင်း

ဟိုပုံးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် ဟိုပုံးမြို့မဈေးအတွင်းတွင် ဈေးရောင်းချနေသော ဦးဒူနီရပ်(ချ)၁၃/ဟပန(ပြု)၀၀၀၀၉၉ ပိုင်ဆိုင်သည့်အဆောင်အမှတ်(၃)၊ အခန်းအမှတ်(၂) ဆိုင်ခန်းစာအုပ်သည် ပျောက်ဆုံး သွားပါကြောင်းကို (၃–၇–၂၀၂၅)တွင် ဟိုပုံးမြို့နယ်စည်ပင်သာယာရေးဌာနသို့ လာရောက်လျှောက်ထားခြင်းကို ဆိုင်ခန်းစာအုပ်ထုတ်၍ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့်ဖြစ်စေ၊ မူရင်းစာအုပ်ဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဟိုပုံးမြို့နယ်စည်ပင်သာယာရေးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာခြင်း

ဟိုပုံးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် ဟိုပုံးမြို့မဈေးအတွင်းတွင် ဈေးရောင်းချနေသော ဦးဒီအိုပရာဆပ်၊ မှတ်ပုံတင်အမှတ် ၁၃/ဟပန(ပြု)၀၀၀၀၉၁ ပိုင်ဆိုင်သည့် အဆောင်အမှတ်(၅) အခန်းအမှတ်(၁၁)ဆိုင်ခန်းစာအုပ်သည် ပျောက်ဆုံးသွားပါကြောင်းကို (၃–၇–၂၀၂၅)တွင် ဟိုပုံးမြို့နယ်စည်ပင်သာယာရေးဌာနသို့ လာရောက်လျှောက်ထားခြင်းကို ဆိုင်ခန်းစာအုပ်ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ(၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့်ဖြစ်စေ၊ မူရင်းစာအုပ်ဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဟိုပုံးမြို့နယ်စည်ပင်သာယာရေးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၂၊ ဝေါက်ရိုက်ကွင်းအနောက်)၊ ဦးပိုင်အမှတ် (၃၀)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိမြေကွက်သည် မူလက ဦးဒေါ်လွန်းအမည်ဖြင့် (၁၈–၉–၂၀၁၆) ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဦးဒေါ်လွန်းနှင့် ဇနီးဖြစ်သူ ဒေါ်နန်လတ်တို့မှာကွယ်လွန်သွားခဲ့ကြပြီဖြစ်သဖြင့် ၎င်းတို့တွင်တစ်ဦးတည်းသောတူဖြစ်သူ ဦးလွမ်းဇေမှ (၇–၃–၂၀၂၅)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၁၄၇/၂၀၂၅)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးလွမ်းဇေထံမှ ဦးပိုင်(၃၀–ခ)၊ မြေဧရိယာ(၀.၀၅၅)ဧကအပိုင်းကို ဦးဇုန်းထန်က (၉–၄–၂၀၂၅) ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၁၅၉/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးဇုန်းထန် ၁/ဝမန(နိုင်)ဝ၆၃၁၆၃ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/56148, LUOJIA–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၇/နထလ(နိုင်)၁၂၆၅၂၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/32889, YUNDE 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးတင့် ၇/ပမန(နိုင်)၁၄၄၉၇၃ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 55W/12918, Luojia–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတွတ်နီ ၁၄/ပသရ(နိုင်)၀၈၂၆၂၃ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 51W/70217, KENBO–110 ယာဉ်လက်ဝယ်ရှိသူ ဦးမာဆီမီးလျှားနို ၁၃/တကန(နိုင်)၂၇၆၈၈၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12U/8971, DAYANG–200,3/W ယာဉ်လက်ဝယ်ရှိသူ ဦးအေးနိုင် ၇/နတလ(နိုင်)၁၂၇၀၂၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 58W/57341, Shayan–125 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,Ltd. က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ငူခရိုင်၊ ဖြူးမြို့၊ ရုံးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂–က၊ ဖြူးဈေးမြောက်ရပ်)၊ ဦးပိုင်အမှတ်(၇၃)၊ ဧရိယာ(၀.၀၇၆)ဧကရှိမြေအား ဦးမိုသီလာလ်အမည်ဖြင့် သက်တမ်းတိုး မြေငှားဂရန်တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ မြေငှားဂရန်ထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူများ သိရှိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ဖြူးမြို့**

## အမည်ပြောင်း

ဖျာပုံမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်မေတ္တာ(၂)လမ်းနေ (ဘ) ဦးအေးကျော် ၁၄/ဖပန(နိုင်)၀၉၅၉၂၂ ၏ သား အထက(၄) Grade -5 မှ မောင်ကျော်ဇေယျာဦး အား မောင်မျိုးမင်းသန့် ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်မျိုးမင်းသန့်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး (အနောက်)၊ ပေါက်ခေါင်းမြို့နယ်၊ အထက ပေါက်ခေါင်း Grade-12(A)မှ မဟေမာန်နှင်း၏ ဖခင်အမည်မှန်မှာ ဦးဖုန်းမြင့် ၇/ ပခတ (နိုင်)၀၄၆၉၉၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့၊ အုတ်ကျင်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၃၂၅-အောင်ချမ်းသာ၊ ဦးပိုင်အမှတ် ၇၈၄၊ မြို့မြေ ၊ မြေဧရိယာ(၀.၀၉၉ )ကေရှိ မြေကွက်အား ဦးထွန်းစိုး(ဘ) ဦးညွန့်လှိုင် ၅/ဗမန(နိုင်)၀၅၃၄၅၉၊ ဒေါ်နွယ်နွယ်အေး(ဘ) ဦးဝင်းညို ၅/ဗမန(နိုင်)၀၅၈၇၆၇ အမည်တို့ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းစိုး**
**၅/ဗမန(နိုင်)၀၅၃၄၅၉**
**ဒေါ်နွယ်နွယ်အေး**
**၅/ဗမန(နိုင်)၀၅၈၇၆၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/97045, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောသန်းလှိုင် ၃/ကကရ(နိုင်)၀၉၅၃၃၉ က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/56330, Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဂျိုးဇက်ရွှေ ၃/ဘအန(နိုင်)၁၀၉၂၁၃ သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ကန့်ကွက်ကြော်ငြာစာ

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းရပ်ကွက်(၂၈-ဘီ)၊ မြေကွက်အမှတ်(၃၄၁)၊ (၆၀x၈၀)ပေ အကျယ်အဝန်းရှိ မြေနေရာအား ဦးဇော်လင်းမောင်အမည်ဖြင့် မြေငှားဂရန်ရရှိခဲ့ပါကြောင်း အဆိုပါမြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူကူးယူခွင့် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ပဲခူးခရိုင်ထွေအုပ်နှင့် ပဲခူးမြို့နယ်ထွေအုပ်တို့တွင် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဇော်လင်းမောင်၏ဇနီး**
**ဒေါ်ထူးထူးငွေ**
**(၉/မထလ(နိုင်)၀၂၀၂၄၇)**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)**

**ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃၉ နှင့် ဆက်နွှယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၈၈**

၁။ ဦးကြည်စိုး — နှင့် — ဦးစိန်ငွေး
၂။ ဒေါ်စုစုမြိုင်
၃။ ဦးခိုင်ဝင်း

**ဒီကရီအနိုင်ရသူများ — တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၅)လမ်း၊ အမှတ်-၄၁ (ပထမထပ်) နေ တရားရှုံး ဦးစိန်ငွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃၉ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ (၁၃၈၇ခုနှစ်၊ ဝါခေါင်လဆုတ်၊ ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လုဦး)
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 77W/39198 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတမြို့)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ်အမည် - ၈/ပဒေသာ၊ ဦးပိုင်အမှတ် ၁/၁၇၊ ဧရိယာ ၀.၁၁၀ ဧကရှိ ဂရန်အိမ်နှင့်မြေကွက်အား အမည်ပေါက်သူ ဦးဝင်းသူရနိုင် (၉/ခအဇ(နိုင်)၀၀၇၈၄၄)၏ အထူး ကိုယ်စားလှယ်စာရသူ ဦးကျော်ကျော်ဦးထံမှတစ်ဆင့် ဦးအောင်စည်ဟိန်း (၅/မရန(နိုင်)၁၂၆၁၆၇)နှင့် ဒေါ်အေးအေးမွန် (၅/ခဥန(နိုင်)၀၅၃၄၁၁) တို့က ဝယ်ယူပြီး(အရပ်ကတိစာချုပ်ဖြင့်) စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများ၊ တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | ညွှန်ကြားချက်အရ |
|---|---|
| ဦးအောင်စည်ဟိန်း၊ | ဒေါ်ဖြိုးသူဇာလင်း (LLB) |
| ဒေါ်အေးအေးမွန် | အမှတ်(ခ-၁၀/၁၁)၊ ဇမ္ဗူဒီပါလမ်း၊ |
| | ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊ |
| | ဖုန်း-၀၉-၄၄၉ ၉၀၀၁၅၅၊ ၀၉-၇၉၅၃၆၁၉၂၆ |

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

